# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်၊ စနေနေ့(10-12-2011) (၆၉၆၉)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။



**အမှာစကားပြောကြား**

**(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပနိုင်ရေးအတွက် ပြင်ဆင် အစိုးရသစ်လက်ထက် ပထမဆုံး ကျင်းပခြင်းဖြစ်သည့်အတွက် ယခင်နှစ်များထက် ထူးခြားလေးနက်ရန်လို (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်လည်း ကိုက်ညီအောင် ဆောင်ရွက်

နေပြည်တော်  ဒီဇင်ဘာ  ၉

**၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**

ညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၂ ခုနှစ် (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**

## (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ★ **ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊**
- ★ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသား အားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊**
- ★ **ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊**
- ★ **မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာ ထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။**

## ကမ္ဘာ့အပူပိုင်းဒေသ မုန်တိုင်းများ မြေလျှင်များကို ဖြစ်ပေါ်စေနိုင်

ဘာသာပြန် ရောမောင်

**ဝါရှင်တန်  ဒီဇင်ဘာ  ၉**

ကမ္ဘာ့အပူပိုင်းဒေသ၌ ဖြစ်ပေါ်သော အင်အားပြင်းမုန်တိုင်းများကြောင့် မြေလျှင်များဖြစ်ပေါ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်တစ်ဦးက ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားသည်။

ဆိုင်ကလုန်းမုန်တိုင်းများ၊ ဟာရီကိန်းမုန်တိုင်းများနှင့် တိုင်ဖုန်းမုန်တိုင်းများသည် အင်အားပြင်းထန်လာသည်နှင့်အမျှ မြေလျှင်များကို ဖြစ်ပေါ်စေနိုင်ကြောင်း ၂၀၁၁ ခုနှစ် အမေရိကန် ဘူမိ-ရူပဗေဒသမဂ္ဂ၏ ဆောင်းဦးပေါက်ရာသီ သိပ္ပံရေးရာဆွေးနွေးပွဲ၌ မီယာမီတက္ကသိုလ်မှ သိပ္ပံပညာရှင် ရှီမွန်ဒိုဝင်းစကီးက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြေပြိုမှုများနှင့် ပြင်းထန်သော

**စာမျက်နှာ ၆ ကော်လံ ၃ သို့ ❍**



ကြေးမုံစာတည်းရှုထောင့် ၁၀-၁၂-၂၀၁၁ [စနေနေ့]။

# ဘ၀အဓိပ္ပာယ် ဘ၀တန်ဖိုး

နာရီလက်တံတို့သည် တရွေ့ရွေ့သွားနေ၏။ စက္ကန့်၊ မိနစ်၊ အချိန်နာရီ ကုန်ဆုံးမှုသည် မြန်လှ၏။ ကုန်ဆုံးသွားသည့်အချိန်ကို ပြန်လည်ရရှိရန် နာရီလက်တံကို ပြန်လှည့်၍ မရနိုင်တော့ပေ။

လူသားများသည် ဘ၀ခရီးတစ်လျှောက် အတတ်ပညာ၊ ငွေကြေး၊ စီးပွားဥစ္စာ၊ ဩဇာနှင့် အသိအမှတ်ပြုခံရရေးတို့နောက်သို့ တကောက်ကောက် လိုက်နေကြ၏။ မိမိအတွက် အရေးကြီးသော ကျန်းမာရေးကို လျစ်လျူရှုထားတတ်ကြ၏။ မိသားစုနှင့် နွေးနွေးထွေးထွေး နေနိုင်ရေးအတွက် အချိန် မပေးနိုင်ဖြစ်ကြရ၏။ သဘာ၀အလှအပခံစားမှုနှင့် မိမိ၀ါသနာပါရာ လုပ်ဆောင်ဖွယ်ရာများကိုပင် သတိမရကြတော့။

ယင်းသို့ ဘွဲ့ထူးဂုဏ်ထူး စီးပွားဥစ္စာ၊ ဩဇာသိက္ခာတို့ ပြည့်စုံကုံလုံ ရရှိရေး ဦးစားပေးရှာဖွေနေခြင်းသည် ဘ၀တွင် အဓိပ္ပာယ်ရှိပါ၏လောဟူ၍ ဆင်ခြင်ဖွယ်ရာ ဖြစ်လာ၏။ လောကီစည်းစိမ်နှင့် အောင်မြင်မှုဟူသမျှသည် ချမ်းသာမှု အစစ်ဟူ၍ ဆန်းစစ်စရာအချက် ဖြစ်လာ၏။ ဘ၀တွင် အဓိပ္ပာယ်ရှိရှိ နေထိုင်နိုင်ရေး အလေးထားကြရမည်ဖြစ်၏။

မိမိရှင်သန်နေသမျှကာလတွင် အချိန်ကိုတန်ဖိုးရှိရှိ အသုံးပြုနိုင်ရေး၊ မိမိအကျိုးသာမက အများကောင်းကျိုး၊ နိုင်ငံကောင်းကျိုး တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်နိုင်ရေး အားထုတ်ကြရန် လိုအပ်၏။ မိမိကြိုးစား၍ ရရှိခဲ့သည့် အောင်မြင်မှု၊ ဆုံးရှုံးမှုစသည့် ဘ၀သင်ခန်းစာများကို လက်ဆင့်ကမ်းသင့်၏။

မိမိတို့ဖြတ်သန်းနေကြရသည့် ခေတ်ကာလရေစီးကြောင်း၊ နိုင်ငံတည်ဆောက်ရေးအတွေ့အကြုံ ဖြစ်စဉ်ဖြစ်ရပ် အစုံစုံတို့ကို အကောင်းမြင်ရှုထောင့်က သုံးသပ်ဆင်ခြင်၍ အစဉ်အဆက် လက်ဆင့်ကမ်းသင့်၏။ မိမိတတ်သည့်ပညာ အရာရာကိုသိမ်းထားခြင်းသည် အကျိုးမဲ့လုပ်ရပ်ဖြစ်၏။ မိမိတတ်သည့်ပညာ အသိအမြင်တို့ကို မျှဝေပေးနိုင်ခြင်းဖြင့်သာ လူသေသော်လည်း နာမည်မသေသည့် ရလဒ်များ ဖြစ်ထွန်းကျန်ရစ်ခဲ့မည်ဖြစ်သည်။

သို့ဆိုလျှင် ရွေ့လျားပြောင်းလဲနေသည့် အချိန်နာရီတို့နှင့်အတူ လောကသံသရာ နှစ်ဖြာကောင်းကျိုး ပွားတိုးစည်ပင်စေမည့် အလုပ်များကို လုပ်ကိုင်ကြပါ။ အရာရာကို စေတနာထား၍ တာ၀န်ယူတတ်သည့်စိတ် မွေးပြီး တာ၀န်ကျေပွန်စွာ ဆောင်ရွက်ကြပါ။ ထိုအခါ အသက်ရှင်နေရသည့် ဘ၀သည် အဓိပ္ပာယ်ရှိလာပါမည်။ မိမိတို့ ဖြတ်သန်းနေရသည့် လူ့ဘ၀သည် တန်ဖိုးရှိလာမည်သာဖြစ်ကြောင်း ရှုမြင်မိပါသည်။ ။

## ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် သတ္တုများ တူးဖော်ထုတ်လုပ်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၉**

သတ္တုတွင်း၀န်ကြီးဌာန ပြည်ထောင်စု၀န်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းအခြေစိုက် Kunming Baoyizhuang Industry and Trade Co., Ltd. ကုမ္ပဏီဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Zhang Xianjue ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ၀န်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ခဲမဖြူသတ္တု၊ သံသတ္တုများ စမ်းသပ်ရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သတ္တုတွင်း၀န်ကြီးဌာန ပြည်ထောင်စု၀န်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းအခြေစိုက် Kunming Baoyizhuang Industry and Trade Co., Ltd. ကုမ္ပဏီဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Zhang Xianjue ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## မွန်ပြည်နယ်၀န်ကြီးချုပ် ပေါင်မြို့နယ် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၉**

မွန်ပြည်နယ်၀န်ကြီးချုပ် ဦးအုန်းမြင့်သည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ် မုတ္တမ ကွန်ကရစ်ဇလီဖားတုံး စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိရာ စက်ရုံမှူးက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဇလီဖားတုံးများ ထုတ်လုပ်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်၀န်ကြီးချုပ်က စံချိန်စံညွှန်းမီထုတ်လုပ်ရေး၊ လျာထားချက်ပြည့်မီစွာ ထုတ်လုပ်ရေးတို့ကို မှာကြားကာ စက်ရုံအတွင်း ဇလီဖားတုံးများ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဥတ္တံတားကျေးရွာရှိ တိမ်ကောနေသော သနပ်ဖက်ရိုး တူးမြောင်းအဟောင်းအား ဆည်မြောင်းဦးစီးဌာနက မြေတူးစက်ဖြင့် ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတူးမြောင်းကို ပြန်လည်တူးဖော်ပြီးစီးပါက ရေနက်ကွင်းဖြစ်သည့် လယ်မြေများ ရေကြီးနစ်မြုပ်မှု သက်သာမည့်အပြင် နွေစပါးစုစုပေါင်း ဧက ၂၇၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ရန်ကုန်-မော်လမြိုင်ကားလမ်း၌ ရွှေသံလွင်ကုမ္ပဏီက မိုင်တိုင်အမှတ်(၁၆၉/၅)မှ (၁၇၀/၀) အထိ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုနှင့် ဖြူဘကျေးရွာ တောင်သူဦးသန့်ဇင်ပိုင် လယ်မြေ ၁၀ ဧက၌ ကတိုက်ဆည်ရေဖြင့် နွေစပါးများ ရေသွင်းစိုက်ပျိုးရန် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရင်းငြိမ်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံပတ်၀န်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေကြသော လူနာများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး အလုံပင်မဓာတ်အားခွဲရုံ ဒုတိယ၀န်ကြီး ဦးအောင်သန်းဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

အမှတ်(၂) လျှပ်စစ်စွမ်းအား၀န်ကြီးဌာန ဒုတိယ၀န်ကြီး ဦးအောင်သန်းဦးသည် ဒီဇင်ဘာ ၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ၂၃၀/၆၆/၁၁ ကေဗွီ ၂ × ၁၀၀ အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းဓာတ်အားခွဲရုံ Switch Yard အတွင်း 66/ 33KV 30MVA ထရန်စဖော်မာ တပ်ဆင်တည်ဆောက်နေမှု၊ Control Cable Tray များ တပ်ဆင်ထားရှိမှု၊ Cable မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြောင်းဖုံးများ တည်ဆောက်ပြီးစီးမှုများ၊ 66KV Switch Bay နှင့် 33KV Switch Bay များ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ယခင်အလုံခွဲရုံ(ဟုံဟိုင်းခွဲရုံ) Control Room အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ Battery Charger ကြံ့ခိုင်ရေးဆောင်ရွက်နေမှု၊ ဓာတ်အားခွဲရုံ Control Room အတွင်းရှိ Control Panel ခန်းအတွင်း Panel များ တည်ဆောက်ပြီးစီးမှု၊ ဘက်ထရီခန်းနှင့် Switch Gear ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၂) လျှပ်စစ်စွမ်းအား၀န်ကြီးဌာန ဒုတိယ၀န်ကြီး ဦးအောင်သန်းဦး အလုံ ပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## မနောသုခ မိုးစပါး စံကွက်ရိတ်သိမ်းပွဲ မြောင်မြို့နယ်၌ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

စစ်ကိုင်းခရိုင် မြောင်မြို့နယ် မကျီးဘုတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၉၆)၊ ဦးပိုင်အမှတ်(၅၁/၂)၊ ဧရိယာ ၂ ဒသမ ၁၆ ဧကရှိ တောင်သူဦးမောင်ငယ် စိုက်ပျိုးထားသော မနောသုခ မိုးစပါးမျိုး မျိုးအသင့်အဆင့်ရှိ လယ်ကွက်အား စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

မနောသုခ မိုးစပါး စံကွက်ရိတ်သိမ်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးနိုင်အောင်၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းစိုးမြင့်၊ မြောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ငွေ၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဒေါ်ခင်မျိုးလှိုင်နှင့် တာ၀န်ရှိသူများက စံကွက်ရိတ်သိမ်းခြင်းကို ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၇၃ ဒသမ ၃၁ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၅၄၆ | ၀. ၀၃၂၃၁ |
| တရုတ် (ယွမ်) | ၆. ၃၆၅၅၀ | ၀. ၁၅၇၁၀ |
| အိန္ဒိယ (ရူပီး) | ၅၂. ၀၃၀၀ | ၀. ၀၁၉၂၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၅၀၀ | ၀. ၃၁၆၉၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၆၆၂ | ၀. ၇၇၁၂၄ |
| ဂျပန် (ယန်း) | ၇၇. ၆၇၉၃ | ၀. ၀၁၂၈၇ |
| တောင်ကိုရီးယား(၀မ်) | ၁၁၄၆. ၉၀ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၄၇၅၉ | ၁. ၃၃၇၆၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၇၄၄ | ၁. ၅၆၈၇၇ |

**အင်တာနက်။**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းဖောက်လုပ်

**ရေတာရှည် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဇလုပ်ကြီးကျေးရွာအုပ်စု ဇလုပ်ကြီး-ထန်းကုန်း-သပြေတန်း ကျေးရွာချင်းဆက်လမ်းကို ဇလုပ်ကြီးကျောင်းတိုက် ဆရာတော် အရှင်ဦးသု၀ရ(သာသနဓဇမဟာ စရိယ) ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ၊ စေတနာရှင်များ စုပေါင်း၍ ဒီဇင်ဘာ ၈ ရက်မှ စတင်ပြီး စက်ယန္တရား၊ လူအင်အားဖြင့် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

နှစ်မိုင်ခန့် ကွာ၀ေးသည့် အဆိုပါလမ်းပိုင်းမှာ မိုးရာသီကာလတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည်တို့တွင် ခက်ခဲမှုများရှိ၍ ရာသီမရွေး သွားလာနိုင်သော လမ်းအကျယ် ၂၂ ပေ၊ အမြင့်ခြောက်ပေရှိ မြေသားလမ်းအား စုပေါင်း၍ ကိုယ်ထူကိုယ်ထ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၇၈)



## သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့ရများ မြတ်ဆရာပူဇော်မည်

**နေပြည်တော် ဒီဇင်ဘာ ၉**

ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့မှ သတ္တုဗေဒ အင်ဂျင်နီယာဘွဲ့ရများ၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးတို့အား ပူဇော်ကန်တော့ပွဲကို ၂၀၁၂ ခုနှစ် ဇန်န၀ါရီ ၁၅ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် နီးစပ်ရာ သူငယ်ချင်း(သို့မဟုတ်) ရန်ကုန်နည်းပညာတက္ကသိုလ် သတ္တုဗေဒ အင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံဌာနထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ငါးရှဉ့်ပြည်ပတင်ပို့မှု လျာထားချက်ထက် ကျော်လွန်သွားပြီ

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြည်ပသို့ ငါးရှဉ့်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၅ သန်းရရန် သတ်မှတ်လျာထားရာ ဒီဇင်ဘာ ၄ ရက်အထိ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၀၁၉ သန်း ရရှိခဲ့ပြီး သတ်မှတ်လျာထားချက်ထက် ကျော်လွန်ကာ ၁၀၀ ဒသမ ၀၈ ရာခိုင်နှုန်း ရရှိခဲ့ပြီးဖြစ်သည်။ ဘဏ္ဍာရေးနှစ် မကုန်မီ လေးလခန့်အလိုတွင် သတ်မှတ်လျာထားချက်ထက် ပြည့်မီကျော်လွန်အောင်ရရှိခြင်းမှာ ပြည်ပဈေးကွက်၌ ငါးရှဉ့်ဈေးကောင်းရနေခြင်းကြောင့်ဖြစ်သည်။

ယခင် ငါးရှဉ့်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ မှ ၂၀၀၀ အထိသာ ပေါက်ဈေးရှိရာမှ အမေရိကန်ဒေါ်လာ ၄၅၀၀ အထိ ဈေးတိုးမြင့်ရရှိခဲ့ကြောင်း၊ ယနေ့ပေါက်ဈေးမှာ ငါးရှဉ့်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀၀ ဈေး ရှိနေကြောင်းဖြင့် ငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ တာ၀န်ရှိသူတစ်ဦးက ပြောကြားသည်။

(ညွန့်သန်း)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လူထုက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းထား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၀

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့တွင်ကျရောက်သော နိုင်ငံတကာလူ့အခွင့်အရေးနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။**

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## နိုင်ငံတကာ လူ့အခွင့်အရေးနေ့နှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်ချက်

**၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်**

၁။ ဒုတိယကမ္ဘာစစ်အတွင်းက ကျူးလွန်ခဲ့သည့် ရက်စက်မှုများနှင့် အကျိုးဆက်အဖြစ် ပေါ်ပေါက်ခဲ့သည့် ကျယ်ပြန့်ကြီးမားသော လူ့အခွင့်အရေးဖောက်ဖျက်မှုများသည် ကမ္ဘာ့လူ့အဖွဲ့အစည်းအား ထိတ်လန့်တုန်လှုပ်မှုဖြစ်စေကာ "နောက်ပေါ်ပေါက်လာမည့် မျိုးဆက်သစ်များအား စစ်အန္တရာယ်မှကာကွယ်နိုင်ရန်" ကမ္ဘာ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရေးအတွက် အလေးအနက် ကြိုးပမ်းအားထုတ်မှုများပြုလုပ်ရန် လှုံ့ဆော်မှုဖြစ်ခဲ့ပါသည်။ ဤကြိုးပမ်းအားထုတ်မှုများမှ ကုလသမဂ္ဂအဖွဲ့အစည်း ပေါ်ပေါက်ခဲ့ပါသည်။ ကုလသမဂ္ဂပဋိညာဉ်အပိုဒ် ၅၅ တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များတွင် "လူ့အခွင့်အရေးကို လေးစားရေးနှင့် လူအားလုံး၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများကို စောင့်ထိန်းလိုက်နာရေး" ဟူသော ပြဋ္ဌာန်းချက်ပါရှိပါသည်။ ကုလသမဂ္ဂပဋိညာဉ်ပါ ဤရည်ရွယ်ချက်အကောင်အထည်ဖော်ရန်အလို့ငှာ နိုင်ငံတကာအသိုက်အဝန်းက ကြိုးပမ်းမှုများပြုလုပ်ခဲ့ရာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ချမှတ်နိုင်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂ၏ (၅၈)နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ ပါရီမြို့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်သည့်အခါ မြန်မာနိုင်ငံက ထောက်ခံမှုပြုခဲ့ပါသည်။ ဤကြေညာစာတမ်းသည် လူသားအားလုံး၊ နိုင်ငံအားလုံးက ပြည့်မီအောင်မြင်အောင်ဆောင်ရွက်ရမည့် အားလုံးနှင့်သက်ဆိုင်သော စံတစ်ရပ်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် ကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို နိုင်ငံအားလုံးက ပြည့်မီအောင် ကြိုးပမ်းသွားရန်ဖြစ်ပါသည်။ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးစံများ သတ်မှတ်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်း၏ ကြိုးပမ်းမှုများတွင် လူ့အခွင့်အရေးကြေညာစာတမ်းအား အတည်ပြုချမှတ်လိုက်ခြင်းသည် ပထမဦးဆုံးသော ခြေလှမ်းဖြစ်ပါသည်။ သို့ဖြစ်၍ အရေးကြီးသည့် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်နှစ်ရပ်ဖြစ်သော ပြည်သူ့အခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ်နှင့် အခြားသော တည်ဆဲလူ့အခွင့်အရေးဆိုင်ရာ စာချုပ်များရေးဆွဲရာတွင် လူ့အခွင့်အရေးကြေညာစာတမ်းသည် လှုံ့ဆော်မှုဖြစ်စေသောအကြောင်းရင်းနှင့် အခြေခံအဖြစ် အသုံးပြုခဲ့ရသော စာတမ်းဖြစ်လာခဲ့ပါသည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံများစွာတို့သည် ၎င်းတို့၏ အသီးသီးသော ဖွဲ့စည်းပုံအခြေခံများပါ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအတွက် လူ့အခွင့်အရေးကြေညာစာတမ်းကို အခြေခံအဖြစ် အသုံးပြုကြပါသည်။ ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူထုက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံလူ့အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။

၃။ ကြေညာစာတမ်းအား အတည်ပြုချမှတ်နိုင်ချိန်မှ အစပြု၍ နိုင်ငံတကာအသိုက်အဝန်းသည် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကာကွယ်သည့် စနစ်တစ်ရပ်တည်ထောင်နိုင်ရန် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ဤသို့ကြိုးပမ်းစဉ်တွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ တည်ထောင်ရေးကို အစဉ်တစိုက် ထောက်ခံအားပေးမှုပြုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါအဖွဲ့အစည်းများသည် လူ့အခွင့်အရေးဖောက်ဖျက်မှုများကို စောင့်ကြည့်လေ့လာသည့် အမျိုးသားအဆင့် စနစ်တစ်ရပ်အဖြစ် ဆောင်ရွက်နိုင်သကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်မှုများအပေါ် အဖြေရှာရာတွင် လည်းကောင်း၊ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပျံ့နှံ့အောင်ပြုလုပ်ရာတွင် လည်းကောင်း ဆောင်ရွက်ခွင့်ရှိသော အာဏာပိုင်များအား အကြံဉာဏ်ပေးနိုင်မည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ လူ့အခွင့်အရေးများကို သက်ဝင်ယုံကြည်သော နိုင်ငံများသည် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရန် အမျိုးသားအဆင့် လူ့အခွင့်အရေးအခြေခံအဆောက်အအုံကို တည်ဆောက်ကြပါသည်။ ယင်းသို့တည်ဆောက်ရာတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ တည်ထောင်ခြင်းလည်း ပါဝင်ပါသည်။

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် မူလအခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်နိုင်ရေးအတွက် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁)ဖြင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသားအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး အာဆီယံတွင် ပဉ္စမမြောက် အဖွဲ့အစည်းဖြစ်ပါသည်။ ကော်မရှင်အား ပါရီအခြေခံမူများကို အခြေခံ၍ လုပ်ငန်းနယ်ပယ်အမျိုးမျိုးနှင့် တိုင်းရင်းသားလူမျိုးအသီးသီးမှ အတွေ့အကြုံရှိသော အငြိမ်းစား ပုဂ္ဂိုလ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅။ ကော်မရှင်သည် ၎င်း၏ အဖွင့်အစည်းအဝေးကို စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့ပြီး ယင်းနေ့မှစ၍ လုပ်ငန်းတာဝန်များကို အပြည့်အဝ ဆောင်ရွက်လျက်ရှိပါသည်။ လူ့အခွင့်အရေးကာကွယ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ လူ့အခွင့်အရေးဖောက်ဖျက်မှုနှင့်ပတ်သက်သော တိုင်ကြားစာများကို လက်ခံနိုင်ရန် ကြေညာချက်တစ်ရပ်ကို အောက်တိုဘာလ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ လက်ခံရရှိသော တိုင်ကြားစာများကို အစွမ်းကုန် စာနာဂရုစိုက်၍ စိစစ်ပေးလျက်ရှိပါသည်။

၆။ လူ့အခွင့်အရေးမြှင့်တင်ရေးအပိုင်းနှင့်စပ်လျဉ်း၍ ကော်မရှင်သည် ပြည်တွင်းပြည်ပရှိ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရရှိအောင် ကြိုးပမ်းလျက်ရှိပါသည်။ ကော်မရှင်သည် ဆွီဒင်နိုင်ငံမှ Raoul Wallenberg Institute မှ ကိုယ်စားလှယ်တစ်ဖွဲ့ကို လက်ခံတွေ့ဆုံခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်သည် လူ့အခွင့်အရေးသင်တန်းများကို (၁၀)နှစ်ကျော် လုပ်ဆောင်ခဲ့ပြီးသော တက္ကသိုလ်ဖြစ်ကာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူ့အခွင့်အရေးအဖွဲ့အစည်းအမျိုးမျိုးသို့ ဖွဲ့စည်းမှုဆိုင်ရာ ပံ့ပိုးမှုများပေးလျက်ရှိပါသည်။ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးက မြန်မာအစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆွေးနွေးပွဲတစ်ရပ် စီစဉ်ကျင်းပရာတွင် ကော်မရှင်က တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ဆွေးနွေးပွဲ၏ အောင်မြင်မှုကို ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက အားတက်ဖွယ်ရာ တုံ့ပြန်ခဲ့ပါသည်။ ၎င်းက လူငယ်မျိုးဆက်မှ အများအပြားပါဝင်သည့် တက်ရောက်သူအရာရှိများသည် အလွန်အပြုသဘောရှိကြပြီး စိတ်ဝင်စားမှုလည်းရှိကြောင်း၊ အားတက်သရောလည်းရှိကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ ကော်မရှင်သည် ယခုလောလောဆယ်တွင် ကလေးသူငယ်အခွင့်အရေးနှင့် လူ့အခွင့်အရေးပညာပေးမှုကို ပိုမိုသိရှိလာရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ရှိ ယူနီဆက်(ဖ်)နှင့် ပူးပေါင်းလျက် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပရန်စီစဉ်လျက်ရှိပါသည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများကို အထူးပြုဆွေးနွေးမည့် အလားတူ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသွားရန်လည်း စီစဉ်လျက်ရှိပါသည်။ နိုဝင်ဘာလကုန်ပိုင်းတွင် ယူနီဆက်(ဖ်)၏ ကမကထပြုမှုဖြင့်ပင် ကော်မရှင်အဖွဲ့ဝင်ငါးဦးတို့သည် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ကာ ဖိလစ်ပိုင်နိုင်ငံ၏ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေး အမျိုးသားအခြေခံအဆောက်အအုံနှင့် လူ့အခွင့်အရေးကော်မရှင်တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာခဲ့ပါသည်။

၇။ ကော်မရှင်တည်ထောင်ပြီး သုံးလအတွင်း ၎င်း၏ လုပ်ထုံးလုပ်နည်းမူကြမ်းနှင့် တိုင်ကြားစာနှင့် စုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းမူကြမ်းများကို ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

၈။ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများသည် ဒီမိုကရေစီလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ အရေးကြီးသည့် ယနေ့လူ့အခွင့်အရေးနေ့အခါသမယတွင် ကော်မရှင်အနေဖြင့် ၎င်း၏လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတာဝန်ကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို အစွမ်းကုန် ကူညီပံ့ပိုးသွားရန် ပိုင်းဖြတ်ထားကြောင်း အလေးအနက် ပြောကြားလိုပါသည်။

**၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်**
**ရန်ကုန်မြို့။**

# ပြည်ပနိုင်ငံများရောက် မြန်မာအလုပ်သမားဦးရေ သုံးသန်းခန့်ရှိ ၎င်းတို့၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးရန်မှာ ဦးစားပေးလုပ်ငန်းဖြစ်

နေပြည်တော် ဒီဇင်ဘာ ၉

**ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားရာတွင် မြန်မာနိုင်ငံ၌ လုပ်သားအင်အား ၃၀ ဒသမ ၉၆ သန်းခန့်ရှိပြီး ပြည်ပနိုင်ငံများတွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမား ဦးရေမှာ သုံးသန်းခန့်ရှိ၍ လုပ်သားအင်အား၏ ၁၀ ရာခိုင်နှုန်းခန့် ရှိနေကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးရန်မှာ အလုပ်သမားဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း ၃၀-၃-၂၀၁၁ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် "ပြည်ပနိုင်ငံများတွင် လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား အလုပ်သမားများရဲ့ တရားဝင်အခွင့်အရေးများ အပြည့်အဝရရှိနိုင်ဖို့အတွက်ကိုလည်း ကြိုးပမ်းလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားထားခဲ့ကြောင်း။

ထိုသို့ အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်ရာတွင် ရှေးဦးစွာ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့် ပတ်သက်၍ ကွန်ပျူတာစနစ်ဖြင့် ထုတ်ပေးသည့် ယာယီနိုင်ငံကူးလက်မှတ် (Computerized Temporary Passport)ထုတ်ပေးခြင်း၊ ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြားထုတ်ပေးခြင်း၊ IT စနစ်ဖြင့် နိုင်ငံသားစိစစ်မှုလုပ်ငန်းဆောင်ရွက်ခြင်း (Nationality Verification Process)၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ သားသမီးများအား Certificate of Identity (C of I) ထုတ်ပေးခြင်းအစရှိသည့် ကိစ္စရပ်များသည် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတွင် ကနဦးအဆင့်အဖြစ် မလုပ်မနေလုပ်ရမည့် လုပ်ငန်းစဉ်များဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝန်ကြီးဌာနများအားလုံးနှင့်အတူ ပြည်ပတွင် ရောက်ရှိလုပ်ကိုင်နေကြသော အလုပ်သမားများအားလုံး ပူးပေါင်းကူညီဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ထို့ကြောင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီးဖြစ်သည့် ချင်းမိုင်၊ မဟာချိုင်၊ ဗန်ကောက်၊ စမွတ်ပရာကန်၊ ဆူရတ်ထနီ အစရှိသည့် ဒေသ ငါးနေရာတွင် အခြေပြုပြီး လုပ်ငန်းအဖွဲ့ ငါးဖွဲ့ဖြင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ စတင်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများအတွက် ပေါင်းစပ်ညှိနှိုင်းမှုများကို ယခု အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်သွားကြမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ နိုင်ငံသားစိစစ်ရေး လုပ်ငန်းများသည် မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်နိုင်သည့် လမ်းကြောင်းမှန်ပေါ် ရောက်ရှိဆောင်ရွက်နိုင်ပြီး ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြား ထုတ်ပေးခြင်းဖြင့် ပြည်ပလုပ်ကိုင်မှု အလုပ်အကိုင် အခြေအနေများ၊ ကိန်းဂဏန်းများ ပိုမိုတိကျစွာ ပြုစုရမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်သားများအတွက် မိသားစုလွှဲပို့ငွေများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဆွေးနွေးကြရန်၊ လူမှုအခွင့်အရေးများ ရရှိကာကွယ်စောင့်ရှောက်နိုင်ရေး အာမခံချက်များရရှိနိုင်စေရေး အလေးထားဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီဝင်ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆွေးနွေးကြပြီး ထိုင်းနိုင်ငံသို့ စေလွှတ်မည့် လုပ်ငန်းအဖွဲ့ ငါးဖွဲ့အား သင်တန်းများပို့ချပေးမည့် အစီအစဉ်များ၊ လုပ်ငန်းအထောက်အကူပြု ပစ္စည်းများ ပေးပို့မည့်အစီအစဉ်များ၊ ရွှေ့ပြောင်းလုပ်သားများသည် အထောက်အထားရှိသူများဖြစ်လာပြီး မိသားစုလွှဲပို့ငွေများ တရားဝင် အဆင်ပြေပြေ ပေးပို့နိုင်ရေးနှင့် မော်တော်ယာဉ်တင်သွင်းခွင့်ရရှိရေးကိစ္စရပ်များ၊ ထိုင်းနိုင်ငံ ရေကြီးမှုဖြစ်ပွားခဲ့ရာ၌ အခက်အခဲကြုံတွေ့ခဲ့သော မြန်မာရွှေ့ပြောင်းလုပ်သားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီးနောက် ထိုင်းနိုင်ငံသို့ ပြန်လည်သွားရောက် အလုပ်လုပ်ကိုင်လိုကြသူများအတွက် မြဝတီတွင် ယာယီနိုင်ငံကူးလက်မှတ်များထုတ်ပေးရေးကိစ္စများနှင့်ပတ်သက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မေတ္တာဖြူဟာအဖွဲ့ သွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

မေတ္တာဖြူဟာအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၁၄)ကြိမ်မြောက် မေတ္တာသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ သွေးလှူဒါန်းလိုသူတိုင်း အချိန်မီကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(ရီရီမြင့်-သတင်းစဉ်)

☆ရှေ့ဖုံးမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ကျင်းပနိုင်ရေးအတွက် ပြင်ဆင်သွားရမည်ဖြစ်ကြောင်း၊ လိုအပ်သောဆပ်ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုနှစ်ကျင်းပမည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည့်အတွက် ယခင်နှစ်များကထက် ထူးခြားလေးနက်သည့်အခမ်းအနားဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်လည်း ကိုက်ညီအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များမှာ-

- **ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊**
- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊**
- **မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာ ထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**တို့ ဖြစ်ကြောင်း။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ အောက်တွင် ထပ်မံဖွဲ့စည်းပေးရမည့် ဆပ်ကော်မတီ ခုနစ်ခုရှိကြောင်း၊ ၎င်းဆပ်ကော်မတီ ခုနစ်ခုမှာ နေပြည်တော်တွင် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီတို့ဖြစ်ကြောင်း။

ဆပ်ကော်မတီတစ်ခုချင်းအလိုက် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ သတ်မှတ်ပေးထားပြီး လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များတစ်ပါတည်း ပေးအပ်သွားရမည်ဖြစ်ကြောင်း။

ယခုဖွဲ့စည်းသွားမည့် ဆပ်ကော်မတီအသီးသီးမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် လိုအပ်ပါက ဆပ်ကော်မတီအချင်းချင်း ညှိနှိုင်းဆောင်ရွက်ကြရန်၊ အခက်အခဲများရှိပါက ဗဟိုကော်မတီသို့တင်ပြရန်နှင့် လုပ်ငန်းတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပရေးနှင့်ပတ်သက်ပြီး အထူးအလေးထားရမည်မှာ လုံခြုံရေးပင်ဖြစ်ကြောင်း၊ လုံခြုံရေးဆပ်ကော်မတီအနေဖြင့် ယနေ့အချိန်အခါနှင့်ကိုက်ညီသော လုံခြုံရေးစီမံချက်ရေးဆွဲပြီး စီမံချက်အတိုင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ထို့ကြောင့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေးအတွက် တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးတို့မှ ဝိုင်းဝန်းဆွေးနွေးတင်ပြပေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစီအစဉ်အရ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်စီမံ ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ ဖွဲ့စည်းထားသည့် ဆပ်ကော်မတီအသီးသီးတို့က လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်နှင့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပျော်ပျော်ရွှင်ရွှင် စည်စည်ကားကားနှင့် အောင်မြင်စွာ ကျင်းပနိုင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အား အလေးအနက်ယုံကြည်ခံယူ ပြည်ထောင်စုကြီး သာယာဝပြောရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

## စက်ခလုတ်နှိပ် ဖွင့်လှစ်

**ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တာဝန်ခံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ ရေအားလျှပ်စစ်စက်ရုံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



နေပြည်တော် ဒီဇင်ဘာ ၉

**ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး တာဝန်ခံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်အတူ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ၌ ပြည်ထောင်စုဝန်ကြီး ယခင်ပေးအပ်ခဲ့သော လှူဒါန်းငွေများဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လန်ပီချောင်း ၃၀ ကေဗွီအေ၊ လန်လိုဗားချောင်း ၁၀ ကေဗွီအေနှင့် ကျရ်အိန်ဗားချောင်း ၁၀ ကေဗွီအေ ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ချွန်ကျုံးကျေးရွာ အလယ်တန်းကျောင်း မျက်နှာကြက်တပ်ဆင်ရန် ငွေကျပ် ၁၂ သိန်းနှင့် ကျောင်းဆေးသုတ်ရန် ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းသည်။**

ထို့နောက် ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခေါ်ဗာလ်နှင့်မွန်ထားမူလတန်းကျောင်းများ ပြုပြင်ရန် ငွေကျပ်သိန်း ၆၀၊ လင်းသဲကျေးရွာနှင့် မန်းခင်းကျေးရွာ ရေအားလျှပ်စစ်ထုတ်လုပ်ရန် ငွေကျပ်သိန်း ၆၀ နှင့် ဖလမ်းမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို လှူဒါန်းသည်။

ယင်းနောက် တီးတိန်မြို့နယ် ဒိမ်လိုးရွာနွားနောက်မွေးမြူရေးခြံများအား ကြည့်ရှုအားပေးပြီး ညနေပိုင်းတွင် တီးတိန်မြို့နယ် ကမ်ပောက်ခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ခိန်းဇန်ကျေးရွာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေကျပ် ၂၅ သိန်း၊ မွီဇော်လ်ကျေးရွာ ရေအားလျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရန် ငွေကျပ် ၃၅သိန်း၊ တွာလ်ဇန်ကျေးရွာ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန် ငွေကျပ်သိန်း ၄၀ နှင့် တီးတိန်မြို့နယ် ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တွန်းဇံမြို့နယ်ခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀၊ ဗျဲလ်ကျင်း မူလတန်းကျောင်း ပြုပြင်ရန် ငွေကျပ်သိန်း ၃၀၊ ဘားဘီလ်ကျေးရွာ သောက်သုံးရေ ရရှိရေး ဆောင်ရွက်ရန် ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ကျီခါးမြို့နယ်ခွဲခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျီခါးမြို့နယ်ခွဲ ပြည်သူ့ဆေးရုံ ဆေးရုံ ပဒေသာပင်အတွက် ငွေကျပ် ၂၅ သိန်း၊ ဆောင်းဟွေးကျေးရွာ လျှပ်စစ်မီးရရှိရေး အတွက် ငွေကျပ် သိန်း ၅၀ နှင့် ဖိုင်ဆပ်မူလတန်းကျောင်းပြုပြင်ရန် ငွေကျပ် သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းပြီး ကျီခါးမြို့နယ်ခွဲ ပြည်သူ့ဆေးရုံ၌ လူနာများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် တီးတိန်မြို့နယ် တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့နယ်ခွဲနေ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေး မှာကြားရာတွင် လက်ရှိ နိုင်ငံတော်က ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အထူးအရေးကြီးကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ဒေသခံပြည်သူများ လုံခြုံစိတ်ချစွာဖြင့် လူမှုစီးပွားဘဝကို အလေးထားဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အား အလေးအနက် ယုံကြည်ခံယူကာ ပြည်ထောင်စုကြီး သာယာဝပြောရေး အတွက် တက်ညီလက်ညီ ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိနိုင်ငံ၏ တောင်ကုန်းမြေမြင့်ဒေသများရှိ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်ခြင်းများသည် သဘာဝတောကြီးများ လျော့နည်းပျက်စီးစေမှု၏ အဓိက အကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း၊ တောင်ယာများ ခုတ်ထွင်ခြင်းကြောင့် ယနေ့အချိန်တွင် ရွှေ့ပြောင်းတောင်ယာခုတ်ထွင် စိုက်ပျိုးလျက်ရှိသေးကြောင်း၊ ရွှေ့ပြောင်းတောင်ယာကြောင့် သစ်တောများပြုန်းတီးခြင်း၊ ရေမြေ ရာသီဥတု၊ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်သကဲ့သို့ ဂေဟစနစ်ကို ပျက်ယွင်းစေခြင်းတို့ ဖြစ်ပေါ်ခံစားစေပြီး လူနှင့် သက်ရှိအားလုံးအား ဘေးဒုက္ခအန္တရာယ် အမျိုးမျိုးကျရောက်စေမည် ဖြစ်ကြောင်း၊ လူတို့၏ပယောဂကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု သံသရာစက်ဝန်းသည် လူတို့၏ လူမှုစီးပွားဘဝကို တစ်ဖန် ပြန်လည်ထိခိုက်စေမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆိုးကျိုး အမျိုးမျိုးဖြစ်ပေါ်စေသည့် ရွှေ့ပြောင်းတောင်ယာ တိုးချဲ့ခုတ်ထွင် ဆောင်ရွက်ခြင်းများ တားမြစ်ထိန်းသိမ်း ဆောင်ရွက်ကြရန်၊ သဘာဝပတ်ဝန်းကျင်နှင့်လူတို့၏ အကျိုးစီးပွားကို ရေရှည်ဖြစ်ထွန်းစေနိုင်မည့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ လှေကားထစ် တောင်ယာစနစ်များ ပြောင်းလဲကျင့်သုံးခြင်း၊ သဘာဝသစ်တော သယံဇာတများအား စနစ်တကျ ထုတ်ယူသုံးစွဲခြင်းနှင့် ပြုစုကာကွယ်ထိန်းသိမ်းခြင်းတို့ကို ဒေသခံပြည်သူတို့က အသိစိတ်ဓာတ်ရှိရှိ ဆောင်ရွက်သွားကြရန်နှင့် သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် အလေးအနက်ထား ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၂-၂၀၁၁ (စနေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “ဗုဒ္ဓတရားတော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး”တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၅၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၄)**
- ၈း၄၅ ထူးမြတ်သဒ္ဓါမြတ်ပူဇာ (၁၉၇၁)ခုနှစ် မန်းမြေစိုက်တက္ကသိုလ် ကျောင်းဆင်းများ၏အာစရိယ ပူဇာသဘင်
- ၉း၀၀ Activities In The City
- ၉း၂၀ Global Panorama
- ၉း၄၅ နှစ်စဉ်နှစ်တိုင်းနွှဲလို့ပျော် မဒေါက်ဒေသတန်ဆောင်တိုင် မီးမျှောပွဲတော်
- ၁၀း၀၅ သုညတမေ့ဆရာတော်၏ သိက္ခာထပ်၊ ဝိဇာတမွေးနေ့မင်္ဂလာ
- ၁၀း၂၀ ခရမ်းမြို့နယ်၏ (၅၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်
- ၁၀း၃၅ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲ (အပိုင်း-၅)
- ၁၁း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သံစဉ်ချိုအိပ်မက်လေး” (အပိုင်း-၂၅)**
- ၁၂း၄၀ ဝက်ခြံနှင့်အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာဆွေးနွေးခန်း (အနုပညာရှင်တွေရဲ့ကဏ္ဍ)
- ၁း၀၀ “ဗုဒ္ဓတရားတော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး”တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သွားမယ်စားမယ်
- ၃း၀၀ Activities In The City
- ၃း၁၅ လုံခြုံရေးအတွက်ဆိုရင် Billion Bright
- ၃း၃၅ ရန်ကုန်မြင်ကွင်းကျယ်
- ၃း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၄)**
- ၄း၄၅ ဂဏန်းသင်္ချာပျော်စရာ
- ၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သံစဉ်ချိုအိပ်မက်လေး” (အပိုင်း-၂၆)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၅၂)**
- ၇း၁၀ People's Choice Award 2011 (Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲ (အပိုင်း-၆)
- ၉း၂၅ Barclays Premier League Liverpool Vs QPR
- ၁၁း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၅)**
- ၁၂း၀၅ Kid's Show
- ၁၂း၃၅ Fashion Week
- ၁၂း၅၅ Movie Talk
- ၁း၁၅ VJ Choice
- ၁း၄၀ သူတို့ပြောတဲ့ သူတို့အကြောင်း
- ၂း၀၀ အသက်ကလေးရယ်တဲ့ ရှည်စေလို
- ၂း၁၅ ဟိုတယ်လမ်းညွှန်
- ၂း၅၅ World of Knowledge
- ၃း၄၀ လောကကိုအလှဆင့်မည့် ပန်းများရဲ့ဥယျာဉ်
- ၃း၅၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၄း၀၅ အလင်းဗေဒ၏ ရနံ့သစ်ခြေသံ
- ၄း၁၅ စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ
- ၄း၃၀ အလိုတော်ပြည့်ပါစေ
- ၄း၄၅ ရှင်တော်မဟာမုနိ--- ဘဂဝါပူဇေမိ
- ၅း၀၀ အစီအစဉ်ပြီး။

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၉း၂၅ | Man U - Wolves | (ESPN) (Live) |
| ၉း၂၅ | Liverpool - QPR | (Star Sports) (MRTV-4) (LIve) |

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

## ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တွင် ပညာသင်ကြားခဲ့ကြသော ၁၉၇၉ ဘူမိဗေဒ နောက်ဆုံးနှစ် ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များမေ့ာရုံ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးတိုးအောင်မြင့် ဖုန်း-၀၉-၈၃၀၃၂၁၇၊ ဦးဝင်းခိုင် ဖုန်း-၀၉-၅၁၆၀၀၆၉၊ ၀၁-၆၆၀၉၁၉၊ ဦးထွန်းထွန်းဝေ ဖုန်း-၀၉-၅၀၀၉၇၁၅၊ ဦးအောင်ကျော်လှ ဖုန်း-၀၉-၅၀၀၃၉၅၆၊ ဦးစိုးနိုင် ဖုန်း-၀၉-၅၄၀၂၆၆၈၊ ဦးတင်ဝင်း ဖုန်း-၀၉-၇၃၀၇၀၀၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကမ္ဘောဇဘဏ်ရုံးချုပ်(ကမာရွတ်) ငွေစာရင်းအမှတ် ၀၂၁၁၂၂၀၀၃၂၆၄၅ သို့လည်း ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန။**

# ဒီမိုကရေစီနိုင်ငံတော်သစ်သို့အသွင်ကူးပြောင်းနေချိန်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီး

# အစိုးရအဖွဲ့သစ်တာဝန်စတင်ယူချိန်မှစ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်အောင် ဘက်စုံပြုပြင်တည်ဆောက်နေ

ရန်ကုန် ဒီဇင်ဘာ ၉

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "အေးချမ်းသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဓာတ်ပုံပညာရှင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် နှစ်စဉ်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းကောင်းမွန်သော ဓာတ်ပုံများအား ရွေးချယ်ချီးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံဓာတ်ပုံအသင်းက အမြဲကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသူ၊ အသင်းသားများနှင့်လည်း နှစ်စဉ်နီးပါး မိမိတို့ထိတွေ့ရင်းနှီးမှုရှိခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အသွင်ကူးပြောင်းလျှောက်လှမ်းနေချိန်တွင် ယခုကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် ကြောင်း၊ ပြည်ပနိုင်ငံရေးနှင့် ဆက်စပ်၍လည်း နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီး ဆက်ဆံမှုများကို တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တတိယအချက်အနေဖြင့် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်တွင်းရှိ စီးပွားရေး၊ ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲ တည်ဆောက်နေချိန်မျိုးတွင် မြန်မာနိုင်ငံဓာတ်ပုံအသင်းသူ၊ အသင်းသားပညာရှင်များကလည်း တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအတွက် ကဏ္ဍအလိုက် ကျရာနေရာမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဋ္ဌေးလွင်-နှင်းဝတ်ရည် (အမရပူရ)၊ ဒုတိယဆုရ စောအောင်မင်း-A.M.P.S နှင့် တတိယဆုရ ဦးဇော်မြင့်နိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း



ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "အေးချမ်းသာယာ ပြည် မြန်မာ" ရောင်စုံ ဓာတ်ပုံ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ် ကျေး မှု ဝန်ကြီး ဌာန ပြည်ထောင်စုဝန် ကြီး ဦး ကျော် ဆန်း (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "အေး ချမ်း သာ ယာ ပြည် မြန်မာ" ရောင်စုံ ဓာတ်ပုံ ပြိုင်ပွဲဝင် ဓာတ်ပုံများနှင့် ဆုရ ဓာတ် ပုံ များကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

နိုင်ငံအတွက် အရေးကြီးသောနေရာမှ ပါဝင်လာလျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက် အစိုးရအဖွဲ့သစ်တာဝန်စတင်ရယူချိန်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်အောင် ဘက်စုံထောင့်စုံမှ ပြုပြင်တည်ဆောက်ပေးလျက်ရှိကြောင်း။

ယင်းသို့ဆောင်ရွက်ရာ၌ ပထမအချက်အနေဖြင့် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေပေါင်း ၁၅ ခုအား ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းပေးခဲ့ခြင်းနှင့်အတူ ပြည်သူလူထု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရတို့အနေဖြင့် ဒီမိုကရေစီ အလေ့အကျင့်များ ရင့်ကျက်ရှင်သန်ဖွံ့ဖြိုးလာအောင် တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ဆောင်ရွက်နေကြောင်း၊ ဒုတိယအချက်မှာ နိုင်ငံ တည်ငြိမ်အေးချမ်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းနိုင်ငံရေး၌ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များနှင့်ထာဝရ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိရာ အခြေအနေများ အထူးကောင်းမွန်တိုးတက်လျက် ရှိ

ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးထင်လင်း (Golden Arrow) တို့က အထူးဆုရရှိကြသည့် ဘိုသင်း (မန်းတက္ကသိုလ်)၊ ကျော်ဆွေမိုး (ပြန်/ဆက်)၊ မာလာဝင်း၊ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)နှင့် ဘိုသင်း (မန်းတက္ကသိုလ်) တို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက ဆုပေးပွဲအခမ်းအနားအတွက် ကူညီပံ့ပိုးသည့် Myanmar Golden Rock International Co., Ltd. အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးထင်လင်း (Golden Arrow) က ဆုရွေးချယ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆုရရှိကြသူများကိုယ်စား ဋ္ဌေးလွင်-နှင်းဝတ်ရည်(အမရပူရ) က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး "အေးချမ်းသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြိုင်ပွဲဝင်ဓာတ်ပုံများနှင့် ဆုရဓာတ်ပုံများကို ကြည့်ရှုသည်။ (သတင်းစဉ်)

## ရွှေကျင်မြို့၌ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် ဒီဇင်ဘာလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၅ နာရီတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများသည် ရွှေကျင်မြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့မှ စစ်တောင်းတံတား (ရွှေကျင်-မဒေါက်)အထိ အသွား၊အပြန်လမ်းလျှောက်ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို ရွှေကျင်မြို့ မြို့ဝင်မုခ်ဦးရှေ့၌ တပျော်တပါး စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၁)ရန်ကင်း

## အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

အထက(၁) ရန်ကင်းတွင် (၁၉၆၂-၁၉၈၂) (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးကျော်နိုင်ဝင်း(ဥက္ကဋ္ဌ) ဖုန်း-၀၉-၇၃၀၃၇၉၆၃၊ ဦးအောင်ခိုင် (အတွင်းရေးမှူး) ဖုန်း-၀၉-၇၃၁၀၈၉၂၂၊ ဦးဇေယျကို ဖုန်း-၀၉-၅၁၆၇၅၅၆၊ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း) ဖုန်း-၀၉-၅၂၀၀၂၀၀၊ ဦးခင်မောင်လှိုင် ဖုန်း-၀၉-၇၃၀၄၁၆၄၉၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၆၈၃၀၀၃၃နှင့် ကျောင်းအုပ်ကြီး အထက(၁)ရန်ကင်း ဖုန်း-၀၁-၅၅၇၅၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၀-၁၂-၂၀၁၁ (စနေနေ့)**

**(၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်နေ့) (ဥပုသ်နေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်) |
| ၇း၅၅ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၇။ | "သုတရောင်စုံပန်းခင်း" |
| ၈း၂၀ | ၈။ | ကဗျာပန်းဥယျာဉ် |
| ၈း၃၀ | ၉။ | တေးဂီတအစီစဉ် |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၁း၅၀ | ၄။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁း၂၀ | ၅။ | "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ" |
| ၁း၃၅ | ၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၃၀)** |
| ၂း၂၀ | ၇။ | မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (ပဥ္စမအကြိမ်မြောက်) ရင်ချင်းဆက်အမြွှာခွဲစိတ်ကုသခြင်း |
| ၂း၄၀ | ၈။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၂း၄၅ | ၉။ | အတီးပြိုင်ပွဲ |
| ၂း၅၅ | ၁၀။ | International News |
| ၃း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၄း၃၀ | ၄။ | အဆိုပြိုင်ပွဲ |
| ၄း၄၅ | ၅။ | "အသက်ကလေးရယ်တဲ့ ရှည်စေလို" |
| ၅း၀၀ | ၆။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ) |
| ၅း၁၅ | ၇။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၂၀ | ၈။ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၅း၃၀ | ၉။ | International Science News |
| ၅း၄၀ | ၁၀။ | စိမ်းကိန်းထူး ဧရာကူး ပေါ်လွင်ဝင့်ကြွား ညောင်တုန်းတံတား (အပိုင်း-၂) |
| ၆း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၃။ | အလှရှာမယ် လှကမ္ဘာဝယ် |
| ၆း၃၅ | ၁၄။ | ယဉ်တစ်ကိုယ်မယ် |
| ၇း၀၀ | ၁၅။ | "ရောင်စဉ်လှိုင်းတေးဂီတ အဖွဲ့ဖျော်ဖြေခန်း" |
| ၇း၄၀ | ၁၆။ | "စိမ်းလန်းသောကမ္ဘာမြေဆီသို့" |
| ၈း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၇၂)** |
| | ၂၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၃၂)(ဇာတ်သိမ်းပိုင်း)** |
| | ၂၂။ | ဂီတတံခါးလေးဖွင့်ပါဦး |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင်ကျန်းမာမှ**

# (၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် ဒီဇင်ဘာ ၉

**(၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (TELMIN) ကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ပင်မအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။**

ယနေ့အစီအစဉ်တွင် ASEAN TELMIN နှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေးများကို ကျင်းပရာ အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများ ဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံနှင့် ITU တို့မှ ဝန်ကြီးများက ICT အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း ICT အသုံးပြုမှု တိုးတက်လာရေး၊ ဆက်သွယ်ရေးကွန်ရက်လုံခြုံရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ICT စွမ်းရည်တိုးတက်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာကျွမ်းကျင်မှုဖလှယ်ရေး၊ မြန်နှုန်းမြင့် ကွန်ရက်တည်ဆောက်ရေး၊ အာဆီယံ Smart Network ထူထောင်ရေး၊ e-Government, e- Network ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ASEAN -ITU MoU အား အတည်ပြုဆောင်ရွက်ပြီး (၁၂)ကြိမ်မြောက် TELMIN အစည်းအဝေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

၂၀၁၀-၂၀၁၁ ခုနှစ် TELMIN လက်ရှိဥက္ကဋ္ဌ မလေးရှားနိုင်ငံ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဝန်ကြီးက မြန်မာနိုင်ငံဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးအား ၂၀၁၁-၂၀၁၂ ခုနှစ် TELMIN ဥက္ကဋ္ဌအဖြစ် ယမန်နေ့က တာဝန်လွှဲပြောင်းပေးပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အစည်းအဝေးများကို ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ပြီး (၁၂)ကြိမ်မြောက် TELMIN အစည်းအဝေးကို၂၀၁၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည်ဖြစ်သည်။

ထို့နောက် အစည်းအဝေး Report ကို ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးအတွက် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်းနှင့် (၁၁)ကြိမ်မြောက် TELMIN အစည်းအဝေး မွန်းလွဲ ၁၂ နာရီခွဲတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

အစည်းအဝေးအပြီးတွင် News Briefing Room ၌ သတင်းစာရှင်းလင်းပွဲကို ကျင်းပရာ TELMIN ခေါင်းဆောင်များ၊ ITU နှင့် ASEAN အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်တွင်းသတင်းထောက်များ၏ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာတို့နှင့် စပ်လျဉ်းသည့် မေးခွန်းများအား ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**သတင်းစာရှင်းလင်းပွဲကျင်းပ**

**မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန News Briefing Room ၌ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။** (သတင်းစဉ်)





**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှု ကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၄/၂၀၁၁)တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၂၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ကေတုမတီ ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းကာလအတွင်း ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်၍ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသူ ၅၆ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ဖြစ်သည်။ (သတင်းစဉ်)

# မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

**မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားရာ၌ ယာဉ်ဟောင်းအပ်နှံပြီး မော်တော်ယာဉ်တင်သွင်းခွင့် အထူးပါမစ်ထုတ်ပေးခဲ့ရာ ၁၈-၉-၂၀၁၁ ရက်မှ ၈-၁၂-၂၀၁၁ ရက်အထိ ယာဉ်အို/ယာဉ်ဟောင်းအပ်နှံမှု ၂၀၃၀၉ စီးအနက် မော်တော်ယာဉ် ဝယ်ယူခွင့်လျှောက်ထားသူ ၁၃၁၇၁ ဦးရှိပြီး လျှောက်ထားမှုအားလုံးကို ယာဉ်တင်သွင်းခွင့် ပါမစ်ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပြီးခဲ့သောအစည်းအဝေးမှ အရောင်းစင်တာဖွင့်ရန် ကုမ္ပဏီသုံးခု ခွင့်ပြုခဲ့ပြီး ယနေ့အစည်းအဝေးတွင် သတ်မှတ်ချက်နှင့် ကိုက်ညီသော ကုမ္ပဏီခြောက်ခုကို ထပ်မံဖွင့်လှစ်ခွင့်ပြုလိုက်သဖြင့် စုစုပေါင်းအရောင်းစင်တာကိုးခု ရှိသွားပြီ ဖြစ်ကြောင်း၊ ကျန်လျှောက်ထားလာသော ကုမ္ပဏီများကိုလည်း သတ်မှတ်ချက်နှင့် ကိုက်ညီပါက အမြန်ဆုံး ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြရာ နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်နေကြသော သံရုံးဝန်ထမ်းများနှင့် နိုင်ငံခြားတွင် တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမား၊ သင်္ဘောသားများ ဝန်ထမ်းများအား ၎င်းတို့၏ ဘဏ္ဍာငွေစုဆောင်းမှုအပေါ်မူတည်၍ သင့်တော်သော မော်တော်ယာဉ် တစ်စီးစီ ခွင့်ပြုပေးနိုင်ရေး၊ ပြည်ပပို့ကုန် ဒေါ်လာတစ်သိန်းအထက် တင်ပို့ခဲ့သော ကုမ္ပဏီ ၈၆၆ ခုနှင့် ဒေါ်လာ ငါးသိန်းအထက် တင်သွင်းခဲ့သော ကုမ္ပဏီ ၅၉၆ ခုတို့ကို မော်တော်ယာဉ်တစ်စီးစီ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည့်အပြင် ဘဏ်စာရင်းတွင် ပြည်ပပို့ကုန်ရငွေအပေါ် အကျိုးခံစားခွင့် ဒေါ်လာ (Export Earning) တစ်သိန်းနှင့်အထက်ရှိသည့် မည်သည့်ကုမ္ပဏီကိုမဆို မော်တော်ယာဉ်တင်သွင်းခွင့်ပြုနိုင်ရေး၊ ထို့ပြင် ကျောက်မျက်ရတနာပြပွဲများတွင် ဒေါ်လာ တစ်သိန်းနှင့်အထက် ရောင်းချခဲ့ပြီး ငွေလက်ခံရရှိခဲ့ပြီးသော ကျောက်မျက်လုပ်ငန်းရှင်များကိုလည်း မော်တော်ယာဉ်တင်သွင်းခွင့်ပြုရေး ကိစ္စများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မော်တော်ယာဉ်တင်သွင်းခွင့်ကိစ္စများနှင့်ပတ်သက်၍ ဖုန်း-၀၆၇-၄၀၈၀၀၂၊ ၄၀၈၂၁၆၊ ၄၀၈၂၃၂၊ ၄၀၈၃၁၆၊ ၀၉-၈၃၀၀၃၂၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



**မှတ်ပုံတင်သက်တမ်း ကြာမြင့်နေသည့် မော်တော်ယာဉ်များအား ပိုင်ရှင်၏ဆန္ဒအရ ဖျက်သိမ်း၍ အစားထိုး တင်သွင်းလာသည့် မော်တော်ယာဉ်များအနက် ဂျပန်နိုင်ငံမှ တင်သွင်းရောက်ရှိလာသည့် မော်တော်ယာဉ်များတွင် ရေဒီယိုသတ္တိကြွမှု အန္တရာယ်ရှိ၊ မရှိကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးဆောင်ရွက်နေစဉ်။** (သတင်းစဉ်)

# ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၁) (မွမ်းမံ)သင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးသိန်းဆိုင်သည် ယနေ့နံနက် ၉ နာရီတွင် ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၁) (မွမ်းမံ)သင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဘဏ္ဍာရေးဆိုင်ရာ ကြီးကြပ်မှုအဆင့်(၁) (မွမ်းမံ)သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦး၊ ပစ္စည်းထိန်း(၄)သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ ၃၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

# KIA အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းတာဝါတိုင်နှစ်တိုင် ချို့ယွင်းပျက်စီး

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း ချို့ယွင်းပြီး ဓာတ်အားပြတ်တောက်ခဲ့သဖြင့် ယနေ့တွင် မဟာဓာတ်အားလိုင်းမှူးရုံး (မန်စံ)က သွားရောက်စစ်ဆေးရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန်တုံမြို့နယ် ဝင်းပက်ကျေးရွာနှင့် အိုက်လောကျေးရွာကြားရှိ တာဝါတိုင်နှစ်တိုင်သည် KIA အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာဝါတိုင်တစ်တိုင်ပြိုလဲပြီး **(ယာပုံ)** တာဝါတိုင်တစ်တိုင်မှာ ပြိုလဲခြင်းမရှိသော်လည်း တိမ်းစောင်းကာ ချို့ယွင်းပျက်စီးခဲ့သည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ချို့ယွင်းပျက်စီးသွားသော တာဝါတိုင်များ အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရန် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစီး၍ ဝန်ထမ်းများဖြင့် သွားရောက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# လေ့ကျင့်သင်ယူရမည့် ဘာသာရပ်များအပေါ်တွင် ခေတ်နှင့်အညီလိုက်နိုင်အောင် ကြိုးစားသင်ယူ တတ်မြောက်ကျွမ်းကျင်သည့် ဘာသာရပ်များဖြင့် တောင်သူလယ်သမားများကို လက်တွေ့အကျိုးပြု

## အမှာစကားပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)





နေပြည်တော် ဒီဇင်ဘာ ၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့နှင့်အတူ ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးဆောင်ခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိနေသော ဤရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကျောင်းတော်ကြီးသို့ ကိုယ်တိုင်ဆန္ဒပြု တက်ရောက်လေ့ကျင့်သင်ကြားခွင့်ရရှိရန် ရွေးချယ်ခံရသည့် ပထမနှစ် မောင်မယ်သစ်လွင် ကျောင်းသား၊ ကျောင်းသူများ အပါအဝင် ဝါရင့်ကျောင်းသားကျောင်းသူများ၊ ပညာရှင် ဆရာကြီး၊ ဆရာမကြီးများအားလုံးတို့အပေါ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူကြိုဆိုပါကြောင်း၊ တက္ကသိုလ်တွင် ပညာသင်ကြားစဉ်ကာလအတွင်း တိကျခိုင်မာသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ကိုယ်စီထားရှိကြပြီး နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်ကို ထမ်းဆောင်နိုင်ကြရမည့် မျိုးဆက်သစ် ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားအားထုတ်ကြရန်၊ မျက်မှောက်ခေတ်ကာလသည် နည်းပညာခေတ် (TECHNOLOGY AGE) ဖြစ်သည့်အတွက် လေ့ကျင့်သင်ယူရမည့် ဘာသာရပ်များအပေါ်တွင် ခေတ်နှင့်အညီ လိုက်နိုင်အောင် စူးစမ်းလေ့လာ ကြိုးစားသင်ယူကြရန်နှင့် တတ်မြောက်ကျွမ်းကျင်သည့် ဘာသာရပ်များဖြင့် တောင်သူလယ်သမားများ၏ အကျိုးကို လက်တွေ့အကောင်အထည်ဖော် အကျိုးပြုနိုင်သည်အထိ စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် နိုင်ငံတော်၏ တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်သော တက္ကသိုလ်ဖြစ်သည့်အားလျော်စွာ ကျောင်းသား၊ ကျောင်းသူများ၏ အခြေခံစိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စွာဖြင့် စည်းလုံးညီညွတ်စွာ ပညာရပ်များ ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရန်၊ စိုက်ပျိုးရေးပညာများ သင်ယူကြသည့်အခါ တတ်မြောက်လာသော ပညာရပ်များကို စာသင်ခန်းနှင့် ဓာတ်ခွဲခန်းထဲတွင် မထားခဲ့ဘဲ လယ်ကွင်းထဲထိ သယ်ဆောင်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ထားရှိပြီး လေ့လာသင်ယူကြရန် စသည်ဖြင့် မှာကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းတက္ကသိုလ် လူငယ်အတတ်ပညာရှင်များ၏ သင်ထောက်ကူပစ္စည်းရောင်းချရေးဆိုင်နှင့် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံ တည်ဆောက်မည့် မြေနေရာ၊ ပန်းခြံ ဆောင်ရွက်မည့် မြေနေရာတို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ တက္ကသိုလ်နယ်မြေရှိ သင်ကြားရေးဌာနကြီးများ၏ ဓာတ်ခွဲခန်းများဖြစ်သော စိုက်ပျိုးရေး ရုက္ခဗေဒဓာတ်ခွဲခန်း၊ မြေဆီလွှာသိပ္ပံနှင့် ဓာတုဗေဒ ဓာတ်ခွဲခန်း၊ ပိုးမွှားနှင့် အင်းဆက်ဗေဒဓာတ်ခွဲခန်း၊ အပင်ရောဂါဗေဒဓာတ်ခွဲခန်းနှင့် စာသင်ခန်းမ (THEATER HALL)၊ ကွန်ပျူတာ သင်တန်းခန်းမ၊ တက္ကသိုလ်ပင်မ စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး သင်တန်းပိုင်းဆိုင်ရာ သင်ထောက်ကူပစ္စည်း လိုအပ်ချက်များနှင့် ပံ့ပိုးပစ္စည်းများကို စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ပါမောက္ခချုပ် အပါအဝင် ဆရာ၊ ဆရာမ အင်အားစုစုပေါင်း ၁၃၀ ဖြင့် သင်ကြားပေးလျက်ရှိပြီး ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမနှစ် ကျောင်းသား၊ ကျောင်းသူ ၄၇၆ ဦး အပါအဝင် နှစ်အလိုက်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၄၂ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ တစ်နေ့ကြံတန်ချိန် ၁၂၀၀ ကြိတ်ဝါးမည့် အမှတ်(၂) သကြားစက်(ပျဉ်းမနား)၏ ၂၀၁၁-၂၀၁၂ ကြံရာသီ သကြားစက်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ပြီး ကြံကြိတ်စက်အတွင်း ကြံများထည့်သွင်းပေးကာ စတင်ကြိတ်ခွဲရန် စက်စတင်လည်ပတ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စက်ရုံအတွင်းရှိ ကြံကြိတ်ဝါးစက်များ၊ ကြံရည်စုကန်များ၊ အပူပေး ဘွိုင်လာခန်း၊ သကြားထုတ်လုပ်သန့်စင်စက်ခန်း၊ အရည်အသွေး ဓာတ်ခွဲခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

အမှတ်(၂) သကြားစက်(ပျဉ်းမနား)သည် နိုင်ငံတော်က ယုဇနကုမ္ပဏီကို B.O.T စနစ်ဖြင့် ငှားရမ်းခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် စတင်လည်ပတ်ခြင်းဖြစ်သည်။ ၂၀၁၁-၂၀၁၂ ကြံရာသီတွင် ကြံတန်ချိန် ၃၀၀၀၀ ကြိတ်ဝါးမည်ဖြစ်ပြီး သကြားကုန်ချော တန် ၂၅၅၀ ထုတ်လုပ်ရန် လျာထားသည်။ ကြံစိုက်ပျိုးမှုတွင် ကျေးရွာအုပ်စု ၂၄ အုပ်စု၌ တောင်သူ ၁၃၀၀ ၏ ကြံစိုက်ဧက ၃၅၀၀ ရှိပြီး စက်သွင်းကြံတန် ၃၅၀၀ ရှိရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကြံစိုက်တောင်သူများ၏ ဝင်ငွေ တိုးတက်စေရေး အတွက်နှုန်းကောင်းပြီး သကြားဓာတ်ပါဝင်မှု ရာနှုန်းများသော ကြံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲကြရန်နှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ပြောင်းလဲဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဈေးကွက်ခိုင်မာရေးအတွက် ကုန်ချောထုတ်လုပ်မည့် စက်ရုံများ၏ ကဏ္ဍသည် အထူးအရေးပါကြောင်း၊ ကြံသီးနှံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို လုပ်ငန်းရှင်များ၏ အရင်းအနှီး၊ စိုက်ပျိုးရေးပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကြံတောင်သူများ၏ လုပ်လိုကိုင်လိုစိတ်ဖြင့် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

အမှတ်(၂) သကြားစက်(ပျဉ်းမနား)ကို နောက်နှစ်ကြံရာသီ သကြားစက်လည်ပတ်မည့်ကာလတွင် ကြံစိုက်ဧက ၆၅၀၀ ကျော်ရရှိအောင် စည်းရုံးပြီး ကုန်ကြမ်းကြံတန်ချိန် ၂၀၀၀၀၀ ကြိတ်ဝါးရန် စီမံချက်ချ ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် စက်ရုံဝန်ထမ်းများ၊ လုပ်သားများ၊ ကြံစိုက်တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






# အရာထမ်းများအတွက် သံတမန်ရေးရာနှင့် စေ့စပ်ညှိနှိုင်းခြင်းပညာ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

**နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ ကုလသမဂ္ဂလေ့ကျင့်ရေးနှင့် သုတေသနဌာန(ယူနီတာ)တို့ ပူးပေါင်းဖွင့်လှစ်သော အရာထမ်းများအတွက် သံတမန်ရေးရာနှင့် စေ့စပ်ညှိနှိုင်းခြင်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ Summit Park View ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး(**အပေါ်ပုံ**) ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသနဌာန(ယူနီတာ)မှ သင်တန်းတာဝန်ခံ Mr. Rabih Ei- Haddad က သံတမန်ရေးရာနှင့် စေ့စပ်ညှိနှိုင်းခြင်းပညာသင်တန်းနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ချက်များကို ရှင်းလင်းပြောကြားသည်။**

အခမ်းအနားသို့ သင်တန်းတွင် ပါဝင်သော ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ယူနီတာမှ နည်းပြပါမောက္ခများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ သင်တန်းသား၊ သင်တန်းသူ အရာထမ်းများ တက်ရောက်ကြသည်။

ယခုနှစ်အတွက် အရာထမ်းများအား ပို့ချသော နိုင်ငံတကာဥပဒေများဘာသာရပ်ကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ နေပြည်တော်၌လည်းကောင်း၊ အလယ်အလတ်အဆင့် အရာထမ်းများအတွက် သံတမန်ရေးရာနှင့် စေ့စပ်ညှိနှိုင်းခြင်း ပညာဘာသာရပ်တို့ကို ဒီဇင်ဘာ ၅ ရက်မှ ၉ ရက် အထိ ရန်ကုန်မြို့၌လည်းကောင်း သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် သင်တန်းနှစ်ရပ်သို့ သင်တန်းသား၊ သင်တန်းသူ ၆၆ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား သင်တန်းပို့ချမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်ခြင်း၊ အရှိန်ပြင်းပြင်းမောင်းနှင်ခြင်း၊ ဥပဒေကို ချိုးဖောက်မောင်းနှင်ခြင်း၊ ရန်လိုခြင်း၊ ဒေါသကြီးခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးယစ်သေစာသုံးစွဲပြီး မောင်းနှင်ခြင်းနှင့် ယာဉ်ကြံ့ခိုင်မှုမရှိခြင်း စသည်တို့ကြောင့် နေ့စဉ်လိုလို ခရီးသည်တင်ယာဉ်များ၏ မတော်တဆမှုများ ဖြစ်ပွားပြီး ထိခိုက်သေဆုံး ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ယာဉ်နောက်လိုက်များမှာလည်း လိုင်စင်ယူစဉ်က ရှောင်ကြဉ်ရန် (၁၀)ချက်ကို အလွတ်ရွတ်ဆို အသားကျခဲ့သော်လည်း တာဝန်ထမ်းဆောင်ပြီး မကြာမီမှာပင် အချို့သော ယာဉ်နောက်လိုက်များသည် ခရီးသွားပြည်သူများအား ရိုင်းပျစွာဆက်ဆံခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ စော်ကားခြင်းများ ကျူးလွန်လာသဖြင့် အနက်ရောင်စာရင်း (Black List) သွင်းခံရကာ ရန်ကုန်တိုင်းဒေသကြီးတွင် မည်သည့်ခရီးသည်တင်ယာဉ်မှ လိုက်ပါခွင့်မပြုရန် ကန့်သတ်အရေးယူမှု ပြုခဲ့ရသည် များလည်းရှိသည်။

ယာဉ်ထိခိုက်မှုမဖြစ်စေရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးစီမံချက် (၂၀၁၀-၂၀၁၁)ကို မထသ(ဗဟို)က ထုတ်ပြန် ဆောင်ရွက်ခဲ့ရာ စီမံချက်ပါ ပညာပေးရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်မှသာလျှင် ပိုမိုအောင်မြင်ပြီး ယာဉ်ထိခိုက်မှုများကျဆင်းလာမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မထသ(ဗဟို) စီမံမှုအောက်ရှိ ယာဉ်လိုင်းများမှ ခရီးသည်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရေး၊ ဆက်ဆံမှုကောင်းမွန်စေရေး တစ်ရက်သင်တန်းများ ဖွင့်လှစ်ပြီး ယာဉ်မောင်းသမားကောင်း၊ ယာဉ်နောက်လိုက်ကောင်းများ ဖြစ်စေရန် ပို့ချဆွေးနွေး သင်တန်းပေးမှုများ ပြုလုပ်သွားရန် မထသ(ဗဟို) က စီစဉ်ထားကြောင်း သိရသည်။ (ညွန့်သန်း)

# ယူရိုပါလိဂ်ဖလားကိုသာ မျှော်မှန်းခွင့်ရှိတော့သည့် မန်ချက်စတာမြို့ခံ ပြိုင်ဘက်နှစ်သင်း

အင်္ဂလန်ပရီမီယာလိဂ် ချန်ပီယံဆုဖလားရယူရန် အပြိုင်အဆိုင် ကြိုးပမ်းနေသည့် မန်ချက်စတာမြို့ခံ ပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့သည် ၎င်းတို့၏ ယခုနှစ်အမြင့်ဆုံးမျှော်လင့်ချက်ဆုဖလားဖြစ်သည့် ချန်ပီယံလိဂ်ဆုဖလားအိပ်မက်မှာ အဆုံးသတ်သွားပြီဖြစ်သည်။

တစ်ပွဲတစ်ဂိုးနှုန်းသာ သွင်းနိုင်သည့် ပွဲများဆက်လာပြီး ပရီမီယာလိဂ် အမှတ်ပေးဇယား ဒုတိယနေရာတွင် မြဲနေသေးသည့် မန်ယူအသင်း၏ တိုက်စစ်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ညက ကစားခဲ့သော ဘေဆယ်အသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ဂိုးသွင်းနိုင်ခဲ့သော်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် အုပ်စုအဆင့်မှလှည့်ပြန်ခဲ့ရပြီးဖြစ်သည်။

မန်ယူအသင်းသည် ယခုကဲ့သို့ ချန်ပီယံလိဂ်အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းသည် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းရလဒ်ကြောင့် မန်ယူအသင်းသည် ရုပ်သံပြသခွင့်မှ ပေါင် ၁၆ သန်းဝန်းကျင် ဆုံးရှုံးရဖွယ်ရှိပြီး တစ်ရာသီစာ လက်မှတ်ဝယ်ယူထားသော ပရိသတ်များနှင့်လည်း ပြဿနာဖြစ်ရဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် တစ်ရာသီစာ လက်မှတ်ဝယ်ယူထားသော ပရိသတ်များအနေဖြင့် မန်ယူအသင်း၏ ယူရိုပါလိဂ်ပြိုင်ပွဲကို စိတ်ဝင်စားမှုမရှိသောကြောင့် ဖြစ်သည်။

ချန်ပီယံလိဂ်အတွေ့အကြုံရင့်ကျက်သည့် မန်ယူအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရသကဲ့သို့ ချန်ပီယံလိဂ်အတွေ့အကြုံနည်းသေးသည့် မန်စီးတီးအသင်းသည်လည်း အုပ်စုအဆင့်ကိုပင် မကျော်လွှားနိုင်ခဲ့ပေ။

မန်စီးတီးနည်းပြ မန်စီနီက မိမိအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းနှင့်ပတ်သက်၍ အသင်းသားများနှင့် ပရိသတ်များကို တောင်းပန်စကားဆိုခဲ့ပြီး လာမည့်နှစ်တွင် ယခုထက် ပိုမိုကောင်းမွန်အောင် စွမ်းဆောင်သွားမည်ဟု ဆိုသည်။

မန်စီးတီးအသင်း နောက်ခံလူကွန်ပနီက မိမိတို့အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်ပွဲတွင် အကောင်းဆုံးကစားခဲ့သော်လည်း နာပိုလီအသင်းက ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိသွားသောကြောင့် မိမိတို့အသင်း အုပ်စုအဆင့်မှပင် ထွက်ခဲ့ရပြီဖြစ်ကြောင်း၊ ယူရိုပါလိဂ်ဖလားကိုသာ အာရုံစိုက်ကစားသွားမည် ဖြစ်ကြောင်းပြောကြားသည်။ **(အေဝမ်းစိုး)**



***ချန်ပီယံလိဂ်မျှော်လင့်ချက်အဆုံးသတ်ခဲ့ရသည့် မန်စီးတီးကစားသမားများ။***

◆ကျောဖုံးမှ

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသော အရာရှိကောင်းများ မွေးထုတ်ရန်ဆိုသော စစ်တက္ကသိုလ်၏ ရည်မှန်းချက်တာဝန်နှင့်အညီ ရဲဘော်တို့ကို တပ်မတော်၏ ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်လိုက်ခြင်းသည် တိုင်းပြည်တာဝန်၊ နိုင်ငံတာဝန်ကို တပ်ရင်း/တပ်ဖွဲ့များတွင် အခြေခံကျကျ တာဝန်ထမ်းဆောင်နိုင်စေရန် ဖြစ်ကြောင်း၊ ဤကျောင်းက သင်ကြားပေးလိုက်သော စစ်ပညာ၊ စာပေပညာများသည် ရဲဘော်တို့အတွက် အခြေခံမျှသာဖြစ်သည့်အတွက် ရောက်ရှိတာဝန်ထမ်းဆောင်ရမည့် တပ်ရင်း/တပ်ဖွဲ့များတွင် မိမိ၏ ဘဝအတွေ့အကြုံနှင့်ပေါင်းစပ်ပြီး သင်ဆရာ၊ မြင်ဆရာများမှ တစ်ဆင့် တဖြည်းဖြည်း ပိုမိုတိုးတက်တတ်မြောက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စစ်ဘက်ခေါင်းဆောင်များ ဖြစ်လာမည့် ရဲဘော်တို့အနေဖြင့် ခေါင်းဆောင်ဟူသည် ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်အောင် ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ရသောသူ၊ မိမိကွပ်ကဲရသည့် အဖွဲ့အစည်းနှင့်ပတ်သက်၍ အစစအရာရာ တာဝန်ယူရသောသူဖြစ်ကြောင်း၊ ခေါင်းဆောင်လုပ်သူသည် ငယ်သားများနှင့်ထိတွေ့ပြီး စီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အကြံဉာဏ်ပေးလမ်းညွှန်မှုပြုခြင်း၊ လိုအပ်သော စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ တိကျခိုင်မာသော အုပ်ချုပ်မှုစနစ်ကို မှန်မှန်ကန်ကန်ကျင့်သုံးခြင်း၊ ကိုယ်တိုင် တက်ကြွစွာ ဦးဆောင်ဦးရွက်ပြုခြင်း၊ စံနမူနာကောင်းများ ပြသခြင်းဟူသည့် ခေါင်းဆောင်မှုလုပ်ငန်းများနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဆင့်ရာထူးများခန့်အပ်လိုက်ရုံဖြင့် အလိုအလျောက် ခေါင်းဆောင်ဖြစ်လာမည်ဟု ခံယူ၍ မရကြောင်း၊ ယင်းမှာ ခန့်အပ်သည့် ခေါင်းဆောင်သာဖြစ်ကြောင်း၊ စစ်မှန်သော ခေါင်းဆောင်ဟူသည် မိမိလုပ်ငန်းအပေါ်တွင် စေတနာထားဆောင်ရွက်မှု၊ မိမိ၏ ကျင့်ကြံနေထိုင်ပြောဆိုမှု၊ ရောင့်ရဲတင်းတိမ်သည့်စိတ်ဓာတ်ဖြင့် အမြဲတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လိုမှုစသည့် လက်တွေ့ဆောင်ရွက်မှုအပေါ် လက်အောက်ငယ်သားများက အသိအမှတ်ပြုလက်ခံပါမှ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စစ်မှန်သည့်ခေါင်းဆောင်မှုရရန် နေရင်းထိုင်ရင်း၊ တော်ရုံတန်ရုံ လုပ်ကိုင်ရင်း ပြည့်ဝလာမည်မဟုတ်ဘဲ ပင်ပင်ပန်းပန်း မနားမနေ အပတ်တကုတ် ကြိုးစားယူမှ ရသည်ဆိုခြင်းကို သတိချပ်ရန် မှာကြားလိုကြောင်း။

ထက်မြက်သည့် ခေါင်းဆောင်ကောင်းများဖြစ်ရန် ရဲဘော်တို့တွင် တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်မှန်ကန်သော ကိုယ်ကျင့်တရား မြင့်မားစွာရှိနေရန် လိုအပ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းသော ခေါင်းဆောင်သည် စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို တစ်သဝေမတိမ်း လေးစားလိုက်နာကြောင်း၊ လိုချင်တပ်မက်မှုနည်းပါးပြီး ရောင့်ရဲတင်းတိမ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားများ၏ ပကတိစိတ်နေစိတ်ထားသည် ရောင့်ရဲတင်းတိမ်သည့် စိတ်ဓာတ်ရှိပြီး ဖြစ်ကြောင်း၊ ရောင့်ရဲတင်းတိမ်ရဲသည့်စိတ်သည် လောဘကြီးမှုကို ပယ်သတ်ပြီး ဖြစ်သဖြင့် ကိုယ်ကျင့်တရား စောင့်ထိန်းမှုကို အထောက်အကူပြုကြောင်း၊ **တည်ကြည်ရိုးသားမှုနှင့် တော်တည့်မှန်ကန်သော၊ ကိုယ်ကျင့်တရားကောင်းသော ခေါင်းဆောင်များဖြစ်အောင် လေ့ကျင့်ပြုစု ပျိုးထောင်ပေးလိုက်ပြီးဖြစ်သည့်အတွက် ရဲဘော်တို့သည် မိမိကိုယ်ကို ကိုယ်ကျင့်တရားကောင်းအောင် အစဉ်အမြဲ ပြုစုပျိုးထောင်ထိန်းသိမ်း**နေရန် အလေးအနက် မှာကြားလိုကြောင်း။

မိမိတာဝန်ယူရသည့် တပ်ဖွဲ့တွင် ခေါင်းဆောင်မှု ကောင်းစွာရရှိရန်အတွက် တပ်ဖွဲ့ဝင်များသည် မိမိအပေါ်တွင် ယုံကြည်၊ အားကိုး၊ လေးစားမှုများ ရရှိရန် လိုအပ်ကြောင်း၊ ယင်းသို့ လက်အောက်က ယုံကြည်၊ အားကိုး၊ လေးစားမှုရရန်အတွက် မိမိကိုယ်တိုင်ကလည်း ကွပ်ကဲရသော တပ်ဖွဲ့ဝင်များအပေါ်တွင် ယုံကြည်မှုရှိပြီး တပ်ဖွဲ့ဝင်များနှင့် ထိတွေ့ဆက်ဆံခြင်း၊ ၎င်းတို့၏ အတွေ့အကြုံ၊ အသိအမြင်များကို အလေးထားလက်ခံပြီး မိမိ၏လုပ်ငန်းတာဝန်များ၊ ဆုံးဖြတ်ချက်များတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းဖြင့် အသိအမှတ်ပြုပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အထက်နှင့်အောက် အပြန်အလှန် ယုံကြည်မှုများရရှိလာပြီး မိမိ၏ တပ်ဖွဲ့ဝင်များက မိမိပေးအပ်သော ရည်မှန်းချက်တာဝန်များကို တက်ညီလက်ညီ ပူးပေါင်းပါဝင်လာကြမှသာ ဤတပ်ဖွဲ့အပေါ်တွင် မိမိ၏ခေါင်းဆောင်မှုကောင်းစွာရရှိပြီလို့ ပြောနိုင်မည်ဖြစ်ကြောင်း၊ စစ်ခေါင်းဆောင်ဆိုသည်မှာ လူ့သဘောသဘာဝကို နားလည်ပြီး စစ်၏ သဘောသဘာဝနှင့် ပေါင်းစပ်ကာ မိမိ၏တပ်ဖွဲ့ကို မှန်မှန်ကန်ကန် ဦးဆောင်နိုင်ရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်နှင့် အခြားသော တပ်မတော်များ မတူသည့် ထူးခြားချက်မှာ မိမိတို့သည် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့အရ အသက်နှင့်ဂုဏ်ဝါကြီးသူများကို ငယ်သူများက လေးစားခြင်း၊ အစ်ကိုကြီးအဖရာဆိုသကဲ့သို့ တပ်၏ အကြီးအကဲများက တပ်မှူးတစ်ဦး၏ တာဝန်အပြင် အမိအဖစိတ်နှင့်ပါ ထိန်းကျောင်းပေးခြင်း စသည့်ဓလေ့သည် မိမိတို့၏ တပ်မတော်တွင် အမြစ်တွယ်ရှိပြီးဖြစ်နေသည့် ထူးခြားသော ယဉ်ကျေးမှုဓလေ့များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ရင်း/တပ်ဖွဲ့များတွင် ကွပ်ကဲခေါင်းဆောင်တာဝန်ယူကြသူများသည် တပ်မှူးတာဝန်ထမ်းဆောင်ရာတွင် **တပ်မှူးကောင်း စိတ်ဓာတ်နှင့် မျှမျှတတ မှန်မှန်ကန်ကန် အုပ်ချုပ်ရသကဲ့သို့ တပ်ဖွဲ့ဝင်များ၊ တပ်မိသားစုများနှင့် ထိတွေ့ဆက်ဆံရာတွင်လည်း ကိုယ့်သားသမီးကိုကြည့်ရှုစောင့်ရှောက်သော အမိအဖ စိတ်ဓာတ်နှင့် သူတို့၏ လူမှုကိစ္စအဝဝကို စေတနာထားပြီး ဆောင်ရွက်ပေး**ကြရန် အလေးအနက် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပ၊ မြေပေါ်၊ မြေအောက် အဖျက်သမားများရန်မှ ကာကွယ်ရန်နှင့် ယင်းသို့ ကာကွယ်နိုင်စွမ်းရှိသည့် တပ်မတော်ကို တည်ဆောက်ရန်ဖြစ်ကြောင်း၊ **နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည့်နေရာတွင် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်း၊ နိုင်ငံတော်၏ မြေထု၊ ရေထု၊ လေထုအပြင် မိမိတို့နိုင်ငံက တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် အကျိုးစီးပွားများကိုပါ ကာကွယ်စောင့်ရှောက်ခြင်းတို့ ပါဝင်ကြောင်း၊** မိမိတို့နိုင်ငံ၏ သမိုင်းကို ပြန်ကြည့်လျှင် နယ်ချဲ့ရန်ကို တွန်းလှန်နိုင်သော ခေတ်မီတပ်မတော်တစ်ရပ် မရှိခဲ့သဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရဖူးကြောင်း၊ ထို့ကြောင့် မိမိတို့ တပ်မတော်သည် အင်အားတောင့်တင်းရန်၊ စွမ်းရည်ထက်မြက်ရန်၊ ခေတ်မီရန်နှင့် မျိုးချစ်စိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း၊ အင်အားတောင့်တင်းရန်ဆိုသည့် နေရာတွင် လူ၊ လက်နက်၊ ပစ္စည်းကိရိယာများ စသည့် ရုပ်ပိုင်းဆိုင်ရာ အင်အားများအပြင် စွန့်လွှတ်စွန့်စားလိုစိတ်၊ အများအကျိုးအတွက် အနစ်နာခံလိုစိတ်၊ တိုက်လိုခိုက်လိုသည့်စိတ်၊ ဥပဒေနှင့်ညီညွတ်သော ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလိုစိတ် စသည့် စိတ်ပိုင်းဆိုင်ရာ အင်အားများပါ တောင့်တင်းခိုင်မာရန် လိုအပ်ကြောင်း။

မိမိတို့တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်မှသာ နိုင်ငံတော်ကို ကာကွယ်နိုင်မှာဖြစ်ပြီး နိုင်ငံတော်ကိုကာကွယ်နိုင်စွမ်းရှိအောင်လည်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကို မလွဲမသွေ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ **လွတ်လပ်ရေးရပြီးကာလမှသည် ခေတ်အဆက်ဆက် တပ်မတော်သည် စည်းကမ်းရှိသော၊ စနစ်ရှိသော၊ အမိန့်နာခံမှုကောင်းသော၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ ဆောင်ရွက်နိုင်သော တပ်မတော်ဖြစ်အောင် တည်ဆောက်နေထိုင်နိုင်ခဲ့သည့်အတွက် ပြည်သူလူထုက ချီးကျူးလေးစားခံခဲ့ရသည်ကို သိရှိပြီး ဆက်လက်ထိန်းသိမ်းလေးစား လိုက်နာဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊** ယနေ့ ရဲဘော်တို့ကိုယ်တိုင် ပါဝင်ထမ်းဆောင်ရမည့် တပ်မတော်၏တာဝန်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်က ပေးအပ်လာသော အမျိုးသားနိုင်ငံရေးတာဝန်များကို အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်ပင် ဖြစ်ကြောင်း။

ယနေ့မှစပြီး တပ်မတော်ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ရဲဘော်တို့သည် နောင်တစ်ချိန်တွင် နိုင်ငံတော် တာဝန်နှင့် တပ်မတော်တာဝန်များကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ရဲဘော်တို့သည် စစ်ရေးအမြင်တစ်ခုတည်းရှိနေရုံနှင့် မလုံလောက်တော့ကြောင်း၊ **စစ်ရေးဆိုသည်မှာ နိုင်ငံရေးနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသကဲ့သို့ နိုင်ငံရေးဆိုသည်မှာလည်း စီးပွားရေးနှင့် အပြန်အလှန်မှီတည်လျက်ရှိကြောင်း၊** ယနေ့ဆင်နွှဲနေသော ခေတ်သစ်စစ်ပွဲများသည် လက်နက်ကိုင်တိုက်ခိုက်သည့် စစ်ရေးသက်သက်မဟုတ်ဘဲ Multi Dimensional Warfare ဆိုသည့် ဘက်စုံစစ်ပွဲအသွင်ဖြင့် ဆင်နွှဲနေသကဲ့သို့ စစ်ရေးမဟုတ်သော စစ်ဆင်မှုများဖြင့်လည်း စိမ့်ဝင်တိုက်ခိုက်နေသည်ကို တွေ့မြင်နေကြရကြောင်း၊ ထို့ကြောင့် ရဲဘော်တို့သည် စစ်ရေးအမြင်သာမက နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နှင့် နိုင်ငံတကာရေးရာ အမြင်များဖြင့်ပါ ပြည့်စုံနေအောင် အမြဲကြိုးစားဆောင်ရွက်ရန် လိုကြောင်း၊ ယင်းသို့ ပြည့်စုံနေမှလည်း နောင်တစ်ခေတ်၏ အောင်စစ်သည်ဆိုသည့် စစ်တက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ

- ခေတ်မီစစ်မှုအတတ်ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာ၊ လေ့ကျင့်၊ လိုက်နာကျင့်သုံးနိုင်အောင် ဆောင်ရွက်သွားကြပါ။
- ပေးအပ်လာသည့် အမျိုးသားနိုင်ငံရေးတာဝန်များကို နောက်လိုက်ကောင်း၊ ခေါင်းဆောင်ကောင်းများအဖြစ် စေတနာထားလုပ်ဆောင်သွားကြပါ။
- အဆင့်ဆင့် အမိန့်ပေးကွပ်ကဲမှုစနစ် မှန်ကန်နေအောင် ထိန်းသိမ်း လိုက်နာဆောင်ရွက်သွားပါ။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၄)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအောင်မျိုးဆန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

- နိုင်ငံတော်ကို ကာကွယ်နိုင်စွမ်းရှိသည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးအတွက် လုပ်ငန်းတာဝန်ကြီး ၄ ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားပါ။
- တပ်မတော်၏ ယုံကြည်ချက်လည်းဖြစ်၊ အမျိုးသားရေးတာဝန်လည်းဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တပ်မတော်၏ အဓိက တာဝန်ကြီး ၃ ရပ်ကို ကျေပွန်စွာထမ်းဆောင်ကြပါ။
- တပ်မတော်အတွက် အသက်တမျှ အရေးကြီးသော စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းကြပါ။
- နောင်တစ်ခေတ်၏ အောင်စစ်သည်ဆိုသည့် စစ်တက္ကသိုလ်၏ ဆောင်ပုဒ်နှင့် အညီ နိုင်ငံတော်နှင့် တပ်မတော်က အားထားရမည့် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြပါဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း လေးဦးနှင့် ယင်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၁ ခုနှစ် ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် ဘားအံမြို့ အောင်သံလွင် ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအဖြစ် သံလွင်အသင်းနှင့် မြဝတီမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သံလွင်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒိုင်လူကြီးများ၊ အကောင်းဆုံး ဘောလုံးသမားဆု၊ ဒုတိယဆုရ မြဝတီမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ ပထမဆုရ သံလွင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ နေရာအလိုက် အကောင်းဆုံးဆုရရှိသူတို့အား ဆုတံဆိပ်နှင့် ငွေကျပ် နှစ်သောင်းစီ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေကျပ် သုံးသောင်း၊ ဒုတိယဆုရ မြဝတီမြို့နယ်အသင်းအား ငွေကျပ် သုံးသိန်း၊ ပထမဆုရ သံလွင်အသင်းအား ငွေကျပ် ငါးသိန်းနှင့် အသန့်ရှင်းဆုံးဆုရ ဖာပွန်မြို့နယ်အသင်းအား ဆုဖလားနှင့် ငွေကျပ် နှစ်သိန်းတို့ကို ပြည်နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်တရားသူကြီးချုပ်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ သံလွင်အသင်းအား ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒင်္ဂုံရွှေအောင်လံဆု ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၉**

၂၀၁၁ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒဂုံရွှေအောင်လံဆုပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များ၊ ဒီဇင်ဘာ ၁၈ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဗိုလ်လုပွဲများ ကျင်းပမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို မွန်းလွဲ ၂ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသွားမည် ဖြစ်သည်။

အလွတ်တန်း ဒဂုံရွှေအောင်လံပြိုင်ပွဲတွင် စောငမန်း (မြန်မာ)၊ ရန်ကြီးအောင် (မြန်မာ)၊ ကစ်တီပွန်း (ထိုင်း)နှင့် ဒါဗစ် (အာမေးနီးယား)တို့ကလည်းကောင်း၊ ပထမတန်း ဒဂုံရွှေအောင်လံပြိုင်ပွဲတွင် ထွန်းထွန်း(မြန်မာ)၊ရန်နိုင်အောင် (မြန်မာ)၊ ဆာရီကော့(ရုရှား)နှင့် ဘွာလွန်(န်) (အောချီဖွန်) (ထိုင်း)တို့က လည်းကောင်း၊ ဒုတိယတန်း ဒဂုံရွှေအောင်လံပြိုင်ပွဲတွင် စိုးမိုးဟိန်း (မျိုးဆက်သစ်)၊ သပြေညို (ဘိလပ်မြေစက်ရုံ)၊ စောအုန်းမြင့် (အလင်းရောင်)၊ ဒေါင်းသည်းချေ (ဝါဆို)၊ စိုးထက်ဦး (အဖြူရောင်သွေးသစ်)၊ သားသား (T&T)၊ ကညောထူး(ရွှေကုက္ကို)နှင့် ရွှေသိန်းအောင် (တောင်ကလေး) တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ကမ္ဘာ့ပထမဆုံးမှ

လျှပ်စစ်ဓာတ်အားဖြင့် မောင်းနှင်သော ယာဉ်များအားလုံးထဲတွင် ပုံသဏ္ဌာန်နှင့် အင်ဂျင်နီယာနည်းပညာအရ ခေတ်အမီဆုံး ဖြစ်သည်ဟုဆိုသည်။ ခရီးတာအကွာအဝေး ကီလိုမီတာ ၅၀၀ ကျော်ကို ရာသီမရွေးမောင်းနှင်နိုင်ပြီး အပူချိန်နှင့် မြေပြင်အခြေအနေအလိုက် မောင်းနှင်နိုင်သော နည်းလမ်းလည်းပါရှိသည်ဟု ဆိုသည်။

ယင်းလျှပ်စစ်ကားတွင် တံခါးငါးပေါက်ပါရှိပြီး ခရီးသည်လေးဦးကိုလည်း တင်ဆောင်နိုင်သည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းကာလတွင် ဩစတြေးလျဈေးကွက်သို့ ယင်းလျှပ်စစ်ကားများ ဝင်ရောက်မည်ဟုလည်း သိရသည်။ **အင်တာနက်။**

## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

## လူသုံးကုန်ပစ္စည်း (၅)မျိုးအား အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဒီဇင်ဘာ ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၉/၉၉)နှင့် အမိန့်အမှတ်(၂/၂၀၀၀)တို့ဖြင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် သမဝါယမအသင်းများအား ပြည်ပမှတင်သွင်းခွင့်မပြုရန် ကန့်သတ်ထုတ်ပြန်ထားသည့် ကုန်ပစ္စည်းများအနက် ပထမအဆင့်အနေဖြင့် အချိုမှုန့်၊ အချိုရည်၊ ဘီစကစ်မျိုးစုံ၊ စည်သွတ်ဘူးများ (အသားနှင့်သီးစုံ)နှင့် ခေါက်ဆွဲခြောက်အမျိုးမျိုးစသည့် လူသုံးကုန်ပစ္စည်း ငါးမျိုးအား ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသများမှ အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုရန် ဆောင်ရွက်လျက်ရှိသည်။

စားသောက်ကုန်များ ပြည်ပမှတင်သွင်းသည့်အခါ အမျိုးသားအစားအသောက်ဥပဒေအရ တင်သွင်းခြင်းမပြုမီ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၏ စမ်းသပ်စစ်ဆေးထောက်ခံချက်ရရှိပြီးမှသာ တင်သွင်းရောင်းချရမည်ဖြစ်သော်လည်း အဆိုပါ စားသောက်ကုန်များကို တရားမဝင်တင်သွင်းရောင်းချနေကြခြင်းဖြင့် ကုန်ပစ္စည်း၏ အရည်အသွေးစံချိန်စံညွှန်းများကို သက်ဆိုင်ရာဌာနများ၏ စိစစ်စမ်းသပ်ခြင်း မပြုနိုင်သည့်အလျောက် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးနစ်နာလျက်ရှိသည်။

ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင်တင်သွင်းခွင့်ပြုခြင်းအားဖြင့် စားသုံးသူပြည်သူများအတွက် လုံခြုံစိတ်ချရသော အစားအသောက်များကို စိစစ်ရွေးချယ်ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာ တိုးတက်ရရှိရေး အထောက်အကူဖြစ်စေမည်ဖြစ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အထက်ပါစားသောက်ကုန်ပစ္စည်းငါးမျိုးကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကန့်အသတ်ဖြင့် စိစစ်တင်သွင်းခွင့်ပြုနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မီးဘေးရှောင် မလောင်ခင်တား**

# ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၉

**မြန်မာပီဂျီအေနှင့် Asian Tour တို့ ပူးပေါင်းကျင်းပပြီး Title Sponsor အဖြစ် ZAYKABAR Co.,Ltd.က အဓိက ကူညီပံ့ပိုး၍ Presenting Sponsor အဖြစ် Air Bagan က ထပ်မံပံ့ပိုးကူညီသည့် ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ကျင်းပသည်။**



**ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။**
(ဂေါက်သီးအဖွဲ့ချုပ်)

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမင်းသိန်း၊ ဦးအောင်ကြည်၊ ဦးတင့်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်နှင့် အမှုဆောင်များ၊ Asian Tour မှ Executive Chairman ဦးကြည်လှဟန်၊ ZAYKABAR Co.,Ltd.Vice Chairman ဦးဇေသီဟ၊ Air Bagan Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထူးသက်ထွေး၊ မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးချမ်းဟန်နှင့် ဖိတ်ကြားထားသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးကြည်လှဟန်က Asian Tour ၂၀၁၂ ခုနှစ် ဂေါက်သီးရာသီ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် ZAYKABAR MYANMAR OPEN ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံတကာမှ Asian Tour ဂေါက်သီးရိုက်အားကစားသမားများ စိတ်ဝင်စားပြီး ပါဝင်ယှဉ်ပြိုင်မည့်အခြေအနေကို ရှင်းလင်းပြောကြားကာ ဦးဇေသီဟက Asian Tour ၏ ပွဲဦးထွက်ပြိုင်ပွဲအဖြစ် ZAYKABAR MYANMAR OPEN 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ Title Sponsor အဖြစ်နှင့် အဆင့်မြင့် Royal Mingalardon Golf & Country Club က ကျင်းပခွင့်ရရှိခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားပြီး စာနယ်ဇင်းများ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါပြိုင်ပွဲ၏ စုစုပေါင်းဆုကြေးငွေမှာ အမေရိကန်ဒေါ်လာ သုံးသိန်းဖြစ်ပြီး ပထမ အမေရိကန်ဒေါ်လာ ၄၇၅၅၀၊ ဒုတိယ အမေရိကန်ဒေါ်လာ ၃၂၅၅၀၊ တတိယ အမေရိကန်ဒေါ်လာ ၁၈၃၀၀ ချီးမြှင့်မည်ဖြစ်ကာ အဆင့်(၆၅) ရရှိသူအား အမေရိကန်ဒေါ်လာ ၈၁၀ ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံတကာမှဂေါက်သီးအကျော်အမော် ၁၃၀၊ ပြည်တွင်းမှ Professional Golfers ၁၅ ဦးနှင့် မြန်မာ့လက်ရွေးစင်ဂေါက်သီးအားကစားသမား လေးဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို Co-Sponsor များဖြစ်ကြသော Official Drinking Water အဖြစ် Alpine Purified Drinking Water, Official Isotonic Drink အဖြစ် 100 Plus, Official Office Automation Supplier အဖြစ် Canon, Official Range Ball Supplier အဖြစ် Srixon နှင့် Royal Mingalardon Golf & Country Club တို့က ထပ်မံ၍ ကူညီပံ့ပိုးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာ ပြန့်ပွားရေးအသင်း(ရန်ကုန်)အတွက် ပင်မရန်ပုံငွေစိုက်ထူလှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာ ပြန့်ပွားရေးအသင်း(ရန်ကုန်)အတွက် ပင်မရန်ပုံငွေစိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အာဇာနည်လမ်းရှိ စည်ပင်သာယာရေးခန်းမရုံ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသထံမှ ပရိသတ်က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၏ သာသနာရေးဆိုင်ရာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ခွင့်ပြုချက်ကို ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာ ပြန့်ပွားရေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးထွန်းလှထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဩဝါဒကထာကို နာယူကြသည်။

ထို့နောက် အသင်းဦးဆောင်နာယက ဦးတင်လှက ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း(ရန်ကုန်) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး အသင်းပဓာန နာယက မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာကြီး ဦးဌေးအောင်က ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း (ရန်ကုန်) အတွက် ပင်မရန်ပုံငွေ ကျပ်သိန်း ၅၀၀ ကို အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင်ထံ ပေးအပ်လှူဒါန်းသည်။

ဆရာကြီးဦးဌေးအောင်သည် ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း (မန္တလေး)အတွက်လည်း ငွေကျပ် သိန်း ၅၀၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ နေပြည်တော်အမှတ်(၁) အားကစားကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(ရေ)အသင်းတို့သည် ဂိုးမရှိသရေဖြင့် လည်းကောင်း၊ နေပြည်တော်အမှတ်(၂) အားကစားကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တောင်ဥက္ကလာပ အထက(၁) မြတ်ဆရာ ပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၉**

တောင်ဥက္ကလာပမြို့နယ် အထက(၁) (၁၉၅၉-၂၀၁၁) (၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းသီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဦးမြသန်း ဖုန်း-၀၉-၅၀၉ ၅၆၇၁၊ ဒေါက်တာမြင့်သောင်း ဖုန်း-၀၁-၅၆၂၄၉၉၊ ဦးသန်းဌေးအောင် ဖုန်း-၀၉-၅၁၇၁၆၃၂၊ ဦးကိုကို ဖုန်း-၀၉-၅၁၄၈၃ ၅၉၊ ဦးကျော်စန်းလင်း ဖုန်း-၀၁-၅၇၇ ၉၇၇၊ ဦးဇော်ဝင်း ဖုန်း-၀၉-၇၃၁၈၉၅၈၃၊ ဦးသိန်းဝင်း ဖုန်း-၀၉-၇၃၀၆၄၆၄၀၊ ဦးအောင်ဒင် ဖုန်း-၀၉-၅၅၀၃၄၄၈၊ ဦးထွန်းနေဝင်း ဖုန်း-၀၉-၇၃၀၆၃၈၇၀ နှင့် ဒေါ်စန်းစန်းဦး ဖုန်း-၀၉-၇၃၀၂ ၄၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ**

# အမေရိကန်မောင်းသူမဲ့ ထောက်လှမ်းရေးလေယာဉ် အီရန်ထုတ်ဖော်ပြသ

**တီဟီရန် ဒီဇင်ဘာ ၉**

အီရန်နိုင်ငံက ၎င်းတို့၏ပိုင်နက်နယ်မြေအတွင်း ပျက်ကျခဲ့သော အမေရိကန်နိုင်ငံ၏ ခေတ်အမီဆုံး မောင်းသူမဲ့ ထောက်လှမ်းရေးလေယာဉ်ကို ကြာသပတေးနေ့က ဂုဏ်ယူဝင့်ကြွားစွာ ပြသခဲ့သည်။

အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)၏ တွေ့မြင်ရန် မလွယ်ကူသည့် အာကျူ-၁၇၀ စင်းတီနဲလ်ကို အီရန်အစိုးရပိုင် ရုပ်မြင်သံကြားလိုင်းမှနေ၍ ထုတ်လွှင့်ပြသခဲ့သည်။

လွန်ခဲ့သည့် တနင်္ဂနွေနေ့က အီရန်နိုင်ငံအတွင်း မိုင် ၁၄၀ ခန့်၌ ပျက်ကျခဲ့သည့် အမေရိကန်လေယာဉ်ကို အီရန်နိုင်ငံတော်အလံ၏အောက်ခြေတွင် ပြသထားပြီး ထိခိုက်ပျက်စီးသည့် အနေအထားမျိုးကို မတွေ့ရှိရပေ။

အီရန် အီလက်ထရွန်နစ်တပ်ဖွဲ့က ယင်းလေယာဉ်၏ ပျံသန်းရေးနည်းစနစ်ကို ဖျက်ဆီး၍ မြေပြင်သို့ ပျက်ကျစေခြင်းဖြစ်ကြောင်း အီရန်ရုပ်သံလိုင်းက ကြေညာသည်။

အမေရိကန်တာဝန်ရှိသူများက အာကျူ-၁၇၀ လေယာဉ်တစ်စင်း ပျောက်ဆုံးကြောင်းကြေညာ၍ ရိုးရိုးသားသား ပျက်ကျသွားဖွယ်ရာဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ရုရှားနှင့်တရုတ်တို့က ကမ္ဘာ့အကောင်းဆုံး ထောက်လှမ်းရေးလေယာဉ်ကို ကြည့်ရှုလေ့လာရန် အခွင့်အရေးကို အမိအရ ဖမ်းဆုပ်သောအားဖြင့် ကြည့်ရှုခွင့်ပြုပါရန် အီရန်နိုင်ငံသို့ တောင်းခံခဲ့သည်။

စီအိုင်အေတို့ ကိုင်တွယ်အသုံးပြုသော ယင်းလေယာဉ်များသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ စစ်အခြေစိုက်စခန်းများမှနေ၍ အီရန်နိုင်ငံပေါ်၌ ပျံသန်းနေခဲ့သည်မှာ နှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။



**အီရန်နိုင်ငံအရှေ့ပိုင်း၌ ပစ်ချခံခဲ့ရသော အမေရိကန် မောင်းသူမဲ့လေယာဉ်ကို အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီး အေမီယာဟာဂျီဇာဒီ ကြည့်ရှုစစ်ဆေးစဉ်။**

အာကျူ-၁၇၀ စင်တီနဲလ်လေယာဉ်များကို ၂၀၀၉ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်စေခဲ့သည်။ ၎င်းတို့သည် အီလက်ထရွန်နစ် ဆက်သွယ်ရေးစနစ်များကို ကြားဖြတ်ဖမ်းယူနိုင်သကဲ့သို့ ပုံရိပ်များကိုလည်း ရယူစုဆောင်းထားနိုင်ကာ မြေပြင်သို့ ပြန်လည်ပေးပို့နိုင်စွမ်းရှိသည်။ **အင်တာနက်။**

# အန္တာတိကဒေသ၌ ဝေလငါး ဖမ်းဆီးမှုမပြုရေး နိုင်ငံတကာကော်မရှင်အဖွဲ့ဝင်နိုင်ငံများ တိုက်တွန်း

**ဗျူနိုအေရီ ဒီဇင်ဘာ ၉**

အန္တာတိကဒေသ၌ ဂျပန်နိုင်ငံက သိပ္ပံသုတေသနလုပ်ငန်းအလို့ငှာ ဝေလငါးဖမ်းဆီးမှုကိုရပ်ဆိုင်းပေးရန် နိုင်ငံတကာဝေလငါးကော်မရှင်၏ လက်တင်အမေရိကဒေသအဖွဲ့ဝင်နိုင်ငံများက ဒီဇင်ဘာ ၈ ရက်တွင် တိုက်တွန်းလိုက်သည်။

ဂျပန်နိုင်ငံသည် ဝေလငါးများအား ဘေးမဲ့ပေးထားသော ပင်လယ်သမုဒ္ဒရာဒေသများ၌ ဝေလငါး ဖမ်းဆီးခြင်းမပြုရန် လက်တင်အမေရိကဒေသအဖွဲ့ဝင်နိုင်ငံများ၏ ကြေညာချက်တွင် ဖော်ပြသည်။

အန္တာတိကဒေသ၌ ဝေလငါးဖမ်းဆီးခြင်းမပြုရန် ဂျပန်နိုင်ငံအား တိုက်တွန်းသော နိုင်ငံများတွင် အာဂျင်တီးအား၊ ဘရာဇီး၊ ချီလီ၊ ကော်စတာရီကာ၊ အီကွေဒေါ၊ မက္ကဆီကို၊ ပနားမား၊ ပီရူး၊ ကိုလံဘီယာ၊ ဒိုမီနီကန်သမ္မတနိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့ ပါဝင်ကြသည်။

ဂျပန်နိုင်ငံ၏ ဝေလငါးဖမ်းဆီးရေးအဖွဲ့သည် ဒီဇင်ဘာ ၆ ရက်က ပင်လယ်ဆိပ်ကမ်းမှ ထွက်ခွာသွားခဲ့သည်။ ယခုနှစ်၏ ဝေလငါးဖမ်းရာသီတွင် အန္တာတိကဒေသ၌ ဝေလငါးဖမ်းဆီးကာ သိပ္ပံသုတေသနလုပ်ငန်းကို လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ဝေလငါးသုတေသနအဖွဲ့၏ လုံခြုံရေးအတွက် လုံခြုံရေးအစောင့်အကြပ်များ လိုက်ပါမည်ဖြစ်ကြောင်း ဂျပန်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ပြောကြားသည်။ **အင်တာနက်။**



**သိပ္ပံသုတေသနလုပ်ငန်း၌ အသုံးပြုမည့် ဝေလငါးတစ်ကောင်ကို ထရပ်ကားတစ်စီးပေါ်သို့ တင်ဆောင်နေစဉ်။**

# အိန္ဒိယတွင် ဆေးရုံမီးလောင် လူနာ ၈၉ ဦး သေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၉**

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့အနောက်ပိုင်းရှိ အမ်ရီဆေးရုံကြီးတွင် သောကြာနေ့နံနက် ၃နာရီခန့်က စတင်မီးလောင်ခဲ့ရာ အနည်းဆုံးလူနာ ၈၉ ဦး သေဆုံး၍ ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိကြောင်း လော့စ်အိန်ဂျလိစ်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

အတည်မပြုရသေးသော သတင်းများအရ ဆေးရုံ၏မြေအောက်ခန်းတွင် သိမ်းဆည်းထားသည့် အောက်ဆီဂျင်ဘူးများနှင့် မီးလောင်လွယ်သောပစ္စည်းမှ စတင်လောင်ခဲ့သည်ဟုဆိုသည်။ သေဆုံးသူအများစုမှာ မီးခိုးငွေ့များကြောင့် အသက်ရှူကျပ်ကာ သေဆုံးရခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ **အင်တာနက်။**



**အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်မှသာ နိုင်ငံတော်ကို ကာကွယ်နိုင်မှာဖြစ်**

**နိုင်ငံတော်ကိုကာကွယ်နိုင်စွမ်းရှိအောင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်**

# ယနေ့တပ်မတော်၏တာဝန်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်က ပေးအပ်လာသော အမျိုးသားနိုင်ငံရေးတာဝန်များဖြစ်

နေပြည်တော် ဒီဇင်ဘာ ၉

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၄)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**



အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ဗိုလ်လောင်းတပ်ရင်းများအား စစ်ဆေးကာဗိုလ်လောင်းတပ်ရင်းများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၄)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၆၇၄၄) ဗိုလ်လောင်း ကျော်ရဲကို၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၂၇၇၈၃) ဗိုလ်လောင်း အောင်မျိုးဆန်း၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်းအမှတ်(၂၇၈၀၈)ဗိုလ်လောင်း အောင်လှိုင်ဟိန်း၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်းအမှတ် (၂၇၇၂၃) ဗိုလ်လောင်း အောင်ကျော်ထွန်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့◆**

## မိန့်ခွန်းပြောကြား

**တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၄)သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)



**ယ နေ့ သ တ င် း အ ညွှ န် း**

## လူသုံးကုန်ပစ္စည်း (၅)မျိုးအား အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုမည်

"အချိုမှုန့်၊ အချိုရည်၊ ဘီစကစ်မျိုးစုံ၊ စည်သွတ်ဘူးများနှင့် ခေါက်ဆွဲခြောက် အမျိုးမျိုးစသည့် လူသုံးကုန်ပစ္စည်း ငါးမျိုးအား တင်သွင်းခွင့်ပြုရန် ဆောင်ရွက်လျက်ရှိ"

ပြည်တွင်းသတင်း စာမျက်နှာ - ၉

## ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား သင်တန်းပို့ချမည်

"အချို့ ယာဉ်နောက်လိုက်များသည် ရိုင်းပျစွာ ဆက်ဆံခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ စော်ကားခြင်းများ ကျူးလွန်လာ"

ပြည်တွင်းသတင်း စာမျက်နှာ - ၈

## ကမ္ဘာ့ပထမဆုံး ခရီးရှည်သွားလျှပ်စစ်ကား ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ပြသ

**ဆစ်ဒနီ ဒီဇင်ဘာ ၉**

စုစုပေါင်းခရီးတာ ကီလိုမီတာ ၅၀၀ ကျော် မောင်းနှင်နိုင်မည့် ကမ္ဘာ့ပထမဆုံးလျှပ်စစ်ကားတစ်စီးကို ဩစတြေးလျ ဟိုးလ်ဒင်းမော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံမှ ဆစ်ဒနီမြို့တွင် ဒီဇင်ဘာ ၉ ရက်က ထုတ်ဖော်ပြသလိုက်သည်။

အဆိုပါအခမ်းအနား၌ ကားထုတ်လုပ်သူများက ပြောကြားရာတွင် ဟိုးလ်ဒင်းဗို့ လျှပ်စစ်ကားသည် **စာမျက်နှာ ၉ ကော်လံ ၄ သို့❒**



**ကီလိုမီတာ ၅၀၀ ကျော်ခရီးတာကို မောင်းနှင်နိုင်မည့် ကမ္ဘာ့ပထမဆုံး လျှပ်စစ်ကားကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ယနေ့မိုးလေဝသ

| | |
|---|---|
| **နေပြည်တော်** | ➤ အများအားဖြင့် သာယာမည် |
| **ရန်ကုန်** | ➤ တိမ်အသင့်အတင့် ဖြစ်ထွန်းမည် |
| **မန္တလေး** | ➤ အများအားဖြင့် သာယာမည် |

## မိမိတို့နေအိမ်တွင်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက် မပါဘဲ အသုံးမပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက် ထွန်းမထားပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

**မီးသတ်ဦးစီးဌာန**